# ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ၊ လစဉ်အစီရင်ခံစာ

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလကုန်တွင် မြန်မာနိုင်ငံတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး၊ ထိန်းသိမ်းခံထားရသူနှင့် ထောင်ပြင်ပမှ တရားရင်ဆိုင်နေရသူ စုစုပေါင်း ၆၃၃ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၈၀ ဦး အကျဉ်းကျခြင်းခံနေရပြီး တက်ကြွလှုပ်ရှားသူ ၁၈၀ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရကာ ၃၇၃ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရသည်။



ဓာတ်ပုံ- PKPF
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ

**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

AAPP

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

အင်တာနက်စာမျက်နှာ    တွစ်တာစာမျက်နှာ    လူမှုကွန်ရက်စာမျက်နှာ

# မာတိကာ

နိုင်ငံရေးအကျဉ်းသားများ ........ 3

ဖမ်းဆီးခံရခြင်းများ ........ 3

တရားစွဲဆိုခံရခြင်းများ ........ 5

တရားရင်ဆိုင်ရခြင်းများ ........ 7

ထောင်ဒဏ်ချမှတ်ခံရခြင်းများ ........ 8

ထောင်တွင်းအခြေအနေများ ........ 10

ထောင်မှလွတ်မြောက်မှုများ ........ 10

နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ်တားမြစ်ခြင်းများနှင့်၊ ဆန္ဒထုတ်ဖော်မှုများ ........ 12

လယ်ယာမြေအငြင်းပွားမှုများ ........ 20

အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links ........ 22

# နိုင်ငံရေးအကျဉ်းသားများ

## ဖမ်းဆီးခံရခြင်းများ

### AA နှင့်ဆက်နွယ်မှုရှိသည်ဟုဆိုကာ မြေပုံမြို့နယ်မှ လူငယ်တစ်ဦးကို ဖမ်းဆီး၍ အမ်းမြို့မရဲစခန်းတွင် အပ်နှံထား

နိုဝင်ဘာလ ၃ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းတစ်ခုမှ မြေပုံမြို့နယ် ယောချောင်း(ခေါ်) ရွာသာယာကျေးရွာမှ မောင်ဆန်းဆန်းမောင်ကို ဖမ်းဆီးခဲ့သည်။ မောင်ဆန်းဆန်းမောင်သည် နိုဝင်ဘာလ ၃ ရက်နေ့တွင် ရွာသာယာကျေးရွာမှ ယိုးဆန္ဒင်းကျေးရွာရှိ မင်္ဂလာဆောင်သို့သွားရာတွင် ၎င်းစီးလာသော ဆိုင်ကယ်ကို တပ်မတော်စစ်ကြောင်းတစ်ခုမှ ရပ်တန့်ခိုင်းကာ ဖမ်းဆီး သွားခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏ မိသားစုဝင်များမှ ပြောကြားခဲ့သည်။ နိုဝင်ဘာလ ၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး သတင်း၌ မောင်ဆန်းဆန်းမောင် ကိုင်ဆောင်သော ဖုန်းအတွင်းရှိ Messenger ၌ ရက္ခိုင့်တပ်မတော် (AA) နှင့် ဆက်သွယ်မှု အထောက်အထားများကို တွေ့ရှိရ၍ မောင်ဆန်းဆန်းမောင်ကို အမ်းမြို့မရဲစခန်းတွင် အပ်နှံပြီး ဥပဒေနှင့်အညီ ဆောင်ရွက်နေသည်ဟု ဖော်ပြခဲ့သည်။

### တပ်မတော် စစ်ကြောင်းတစ်ခုမှ မီးဝကျေးရွာ အုပ်ချုပ်ရေးမှူး၏သားကို ဖမ်းဆီး ခေါ်ဆောင်

နိုဝင်ဘာလ ၉ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းတစ်ခုမှ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မီးဝကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူး၏သားဖြစ်သူ ဦးကျော်တင်အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ သို့သော်လည်း ဦးကျော်တင်အား ယနေ့အချိန်ထိ ပြန်လည်လွှတ်ပေးခြင်းမရှိသဖြင့် မိသားစုဝင်များမှ စိုးရိမ်နေကြသည်။ ဦးကျော်တင်သည် တုံးမဝကျေးရွာအနီး၌ ပုစွန်မျှားနေစဉ် မိုင်းသုံးလုံးပေါက်ကွဲခဲ့၍ ၎င်းအား ထိမှန်မည်ကို စိုးရိမ်သဖြင့် မြစ်အတွင်းသို့ ခုန်ချခဲ့သည်။ ထိုစဉ် ရွာအနီးရှိ တောင်ပေါ်မှ စစ်သား နှစ်ဦးဆင်းလာကာ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်း ဖြစ်သည်။ ၎င်းပြင် တုံးမဝကျေးရွာမှ စိတ်ကျန်းမာရေး ကောင်းမွန်ခြင်းမရှိသူ တစ်ဦးလည်း ဖမ်းဆီးခေါ်ဆောင် သွား ခြင်း ခံခဲ့ရသည်။

### ဗကသအဖွဲ့ဝင်ဟောင်း ကိုရဲရင့်ကျော်ကို ဖမ်းဆီး

နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ရဲတပ်ဖွဲ့မှ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉ ဖြင့် ဖမ်းဝရမ်းထုတ်ခြင်းခံထားရသော ဗကသ အဖွဲ့ဝင်ဟောင်း ကိုရဲရင့်ကျော်ကို ဖမ်းဆီးခဲ့သည်။ မန္တလေးမြို့ ကျုံးဘေးတွင် ၂၀၁၈ ခုနှစ်၊ မေလ၌ ပြည်တွင်းစစ်ငြိမ်းချမ်းရေးအတွက် ဖယောင်းတိုင်မီးထွန်း၍ ဆုတောင်းပွဲပြုလုပ်ခဲ့ခြင်းကြောင့် အောင်မြေသာစံမြို့နယ် ရဲတပ်ဖွဲ့မှူးမှ ဗကသ-ဗဟို ကော်မတီဝင်ဟောင်း ကိုသန်းထိုက်၊ ဗကသအဖွဲ့ချုပ်မှ ကိုနှင်းမောင်နှင့် ကိုရဲရင့်ကျော်တို့ကို တရားစွဲဆိုခဲ့သည်။ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့၌ အောင်မြေ သာစံမြို့နယ်တရားရုံးမှ ကိုသန်းထိုက်၊ ကိုနှင်းမောင်တို့အား ထောင်ဒဏ် သုံးလ ကျခံစေရန် ပြစ်ဒဏ် ချမှတ်ခဲ့သည်။ ထိုသို့ ပြစ်ဒဏ်ချမှတ်ခဲ့ရာတွင် ပါဝင်ခြင်းမရှိခဲ့သော ကိုရဲရင့်ကျော်ကို တစ်နှစ်ခွဲခန့်အကြာ နိုဝင်ဘာလ ၁၉ ရက်နေ့ ညနေပိုင်းတွင် ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

### တပ်မတော်စစ်ကြောင်းတစ်ခုမှ ကျောက်တော်မြို့နယ်မှ ရွာသား ခြောက်ဦးကို လမ်းပြရန်အတွက် ဖမ်းဆီး၊ ခေါ်ဆောင်သွား

နိုဝင်ဘာလ ၂၁ ရက်နေ့တွင် တပ်မတော်စစ်ကြောင်း တစ်ခုမှ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ မီးဝကျေးရွာမှ အရပ်သားခြောက်ဦးကို လမ်းပြရန်အတွက်ဟုဆိုကာ ဖမ်းဆီး၊ ခေါ်ဆောင်သွားခဲ့သည်။ မီးဝကျေးရွာသားဦးကျော်သန်း၊ဦးရွှေနု၊ ကိုသန်းဦး၊လှိုင်တို့နှင့် ယင်းရွာသို့ အလည်ရောက်ရှိနေသည့်မြောက်ဦးမြို့မှ ကိုကျော်စိုးဝင်း၊ ကိုမျိုးဦးနှင့် မုန့်သန်းပြင်ကျေးရွာမှ ကိုညီညီအောင်တို့ ခြောက်ဦးသည် မီးဝကျေးရွာရှိ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည် သောက်နေစဉ် တပ်မတော် စစ်ကြောင်းမှ လမ်းပြရန်ဟုဆိုကာ ခေါ်ဆောင်သွားခဲ့ခြင်း ဖြစ်ကြောင်း မုန့်သန်းပြင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိန်ကျော်က ဆိုသည်။ ၎င်းတို့ ခြောက်ဦးကို ကျောက်တော်မြို့နယ်၊ ကျော်ရွှီပြင်ကျေးရွာသို့ ခေါ်သွားသဖြင့် မိသားစုမှ သွားရောက် တွေ့ဆုံခဲ့ရာတွင် မသက်ာ၍ဖမ်းဆီးထားသည်ဟု ပြောကြားခဲ့ကြောင်း ဦးစိန်ကျော်မှ ဆိုသည်။

### အမ်းမြို့နယ် လောင်းချောင်းကျေးရွာတွင် ရွာသား လေးဦး ဖမ်းဆီးခြင်းခံရ

နိုဝင်ဘာလ ၁၁ ရက်နေ့တွင် တပ်မတော်စစ်ကြောင်း တစ်ခုမှ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ကဏၰန်းပြင်ကျေးရွာ အုပ်စု၊လောင်းချောင်းကျေးရွာတွင်သွားရောက်စခန်းချခဲ့ ပြီး ထိုကျေးရွာမှ ရွာသား လေးဦးကို ဖမ်းဆီးသွားခဲ့သည်။ ဖမ်းဆီးခြင်းခံရသူများမှာ လောင်းချောင်းကျေးရွာမှ ဦးအောင်မြင့်၊ ဦးသန်းမြင့်၊ ဦးမောင်သန်းထွန်းနှင့် ဦးဇော်စေ့ကေ တို့ ဖြစ်ကြသည်။

### သူရင်းငှား လူငယ် နှစ်ဦးကို စစ်ကြောင်းတစ်ခုမှ ဖမ်းဆီး ခေါ်ဆောင်

နိုဝင်ဘာလ ၂၄ ရက်နေ့ ညနေ လေးနာရီ အချိန်ခန့်တွင် ဗိုလ်မှူး ဗထူး ဦးဆောင်သည့် အမှတ် ၃၇၃ တပ်ရင်း စစ်ကြောင်းမှ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ဖုန်းသာ မင်းတပ်အုပ်စု၊ မင်းတပ်ကျေးရွာမှ ကိုအောင်ကျော်ဝင်းနှင့် ပြိန်းချောင်းကျေးရွာမှ ကိုသိန်းထွန်းအေးတို့ကို ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။ ၎င်းတို့နှစ်ဦးသည် ပြိန်းချောင်း ကျေးရွာရှိ ဦးအောင်ထွန်းလှထံတွင် သူရင်းငှားအဖြစ် လုပ်ကိုင်နေကြပြီး လယ်တဲ၌ ကျွဲချည်ပြီး ၎င်းတို့ အိမ်သို့ ပြန်လာစဉ် ဖမ်းဆီးခေါ်ဆောင်ခံခဲ့ရခြင်းဖြစ်သည်။

### လယ်ကွင်းထဲ မိုင်းပေါက်ကွဲ၍ မင်းပြားမှ လယ်သမား သားအဖ နှစ်ဦး ဖမ်းဆီး ခေါ်ဆောင်ခြင်းခံရ

နိုဝင်ဘာလ ၂၆ ရက်နေ့တွင် တပ်မတော် စစ်ကြောင်း တစ်ခုမှ ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ကျောက်မှော် ကျေးရွာမှ ဦးကျော်မောင်စိန်နှင့် ၎င်း၏ သားဖြစ်သူ ဦးအောင်မြဝင်းတို့ကို လယ်ကွင်းတွင်း မိုင်းပေါက်ကွဲမှု နှင့်ပတ်သက်၍ စစ်ဆေး မေးမြန်းရန် ရှိသည်ဟုဆိုကာ ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် စစ်တပ်မှသွားသည့်အချိန် ငန်းတက်အုပ်စုနှင့် ဖုံသာအုပ်စုအကြား လယ်ကွင်းအတွင်း၌ မိုင်းတစ်လုံး ပေါက်ကွဲခဲ့၍ လယ်ပိုင်ရှင်ဖြစ်သော ထိုသားအဖ နှစ်ဦးကို စစ်ဆေးရန် ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။

### စစ်တပ်မှ ကျောက်ဖြူဒေသခံ ငါးဦးကို ဖမ်းဆီးခေါ်ဆောင်၊ နှစ်ဦးကို ပြန်လည် လွှတ်ပေး

နိုဝင်ဘာလ ၂၇ ရက်နေ့တွင် တပ်မတော်မှ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ကပ်သပြေကျေးရွာအုပ်စု၊ ပျားတဲ ကျေးရွာမှ ရွာသား ငါးဦးကို ဖမ်းဆီး ခေါ်ဆောင် သွားခဲ့ပြီး နှစ်ဦးကို ပြန်လည်လွှတ်ပေးခဲ့သည်။ ဖမ်းဆီးခြင်း ခံခဲ့ရသူများ မှာ ဦးလှသိန်း၊ ဦးမောင်ချမ်းခင်၊ ကိုစိုးလင်း၊ ကိုသိန်းဇော်နှင့် ဒေါ်ခင်နုမေတို့ဖြစ်ကြပြီး ၎င်းတို့အနက် ပြန်လွှတ်လာသူ နှစ်ဦးမှာ ဦးမောင်ချမ်းခင်နှင့် ဒေါ်ခင်နုမေ တို့ ဖြစ်ကြသည်။ ဖမ်းဆီးခြင်းခံခဲ့ရသူများမှာ လူမှုကူညီရေး အဖွဲ့ တစ်ဖွဲ့ဖြစ်သည့် ရက္ခိတ အလင်းရောင် အဖွဲ့ဝင်များ ဖြစ်ကြပြီး နှစ်စဉ်ကျင်းပသည့် တရားပွဲအတွက် အစည်းအဝေးပြုလုပ်ရန် လှုပ်ရှား ဆောင်ရွက်နေစဉ် ရက္ခိုင့်တပ်မတော်(AA)နှင့် ဆက်နွယ်သည်ဟုဆိုကာ တပ်မတော်မှ လာရောက် ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

### မြောက်ဦး သပြေကန်ကျေးရွာမှ ရွာသား နှစ်ဦးကို ဖမ်းဆီး၊ ခေါ်ဆောင်

နိုဝင်ဘာလ ၂၉ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းတစ်ခု မှ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ သပြေကန်ကျေးရွာမှ ဦးဆိတ်ဖားချေနှင့် အမည်မသိ အမျိုးသား တစ်ဦးတို့ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။၎င်းတို့နှစ်ဦးကို စစ်ကြောင်း အရှေ့မှ ထားကာ လင်းမြွေတောင်အနီးရှိ မကျည်းကုန်း စခန်းသို့ ခေါ်ဆောင်သွားသည်ဟု သိရှိရသည်။ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် သပြေကန်ကျေးရွာအရှေ့ဘက်၊ စစ်တွေ-ရန်ကုန် ကားလမ်းမပေါ်တွင် ၎င်းတပ်မတော် စစ်ကြောင်း မိုင်းခွဲတိုက်ခိုက်ခြင်း ခံခဲ့ရပြီးနောက် စစ်ကြောင်း ရွာအနီးမှ ဖြတ်သန်းသွားစဉ်တွင် ထိုရွာသားနှစ်ဦးကို ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။

## ▶ တရားစွဲဆိုခံရခြင်းများ

### ဗိုလ်ကြီးဟောင်း ကိုနေမျိုးဇင်၊ ကဗျာဆရာ ကိုစောဝေနှင့် ရှေ့နေ ဦးကြီးမြင့်တို့ကို တရားစွဲဆိုထားမှုကို ကော့သောင်း မြို့နယ် တရားရုံးမှ လက်ခံ

ထင်ရှားသည့် နိုင်ငံရေး လှုပ်ရှားသူများ ဖြစ်သည့် ဗိုလ်ကြီးဟောင်း ကိုနေမျိုးဇင်၊ ကဗျာဆရာ ကိုစောဝေနှင့် ရှေ့နေဦးကြီးမြင့် တို့ကို တပ်မတော်မှ တရားစွဲဆိုထားမှု အပေါ် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ် တရားရုံးမှ အောက်တိုဘာလ ၃၁ ရက်နေ့တွင် လက်ခံ ခဲ့သည်။ ဧပြီလ ၃ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ဟောပြောပွဲတွင် ပါဝင်ဟောပြောခဲ့ကြသည့် အချက်များသည် တပ်မတော် အကြီးအကဲများနှင့် တပ်မတော်သားများ၏ ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေသည်ဟုဆိုကာ ဧပြီလ ၁၂ ရက်နေ့တွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းဦးစီး ဗိုလ်မှူးကြီးသန့်ဇင်ဦးသည် ကော့သောင်းမြို့နယ် တရားရုံး ကို ဦးတိုက် လျှောက်ထားခဲ့ခြင်းဖြစ်သည်။ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ကော့သောင်းမြို့နယ်

တရားရုံးမှ နိုင်ငံတော် အကြည်ညိုပျက်စေမှု ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (က) ဖြင့် တရားစွဲ တင်ခဲ့ခြင်း ဖြစ်သည်။

### ရွှေနဒီရေယာဉ်လိုင်း ပိုင်ရှင်နှင့် ဝန်ထမ်း ခြောက်ဦးကို အမှုဖွင့်

နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ရွှေနဒီယာဉ်လိုင်း ပိုင်ရှင် ဦးရွှေသန်းနှင့် ရေယာဉ်ဝန်ထမ်း ခြောက်ဦးတို့အား ဘူးသီးတောင် မြို့နယ်တရားရုံး၌ ရုံးထုတ်ရမန်ယူရာတွင် ရမန်ကြီးနှစ်ပတ် ပြည့်သွားပြီဖြစ်သဖြင့် ၎င်းတို့ကို အမှုဖွင့် စွဲဆိုထားသည့် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေကို ပယ်ဖျက်ပြီး သွေးဆောင်ဖျားယောင်းမှု ရာဇသတ်ကြီးပုဒ်မ ၃၆၅ ဖြင့် ထပ်မံ စစ်ဆေးရန် ရမန်ယူခဲ့သည်။ ရွှေနဒီ အမြန်ရေယာဉ်ပေါ်မှ တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်နှင့် အရပ်သားတချို့ကို ရက္ခိုင့်တပ်မတော် (AA)မှ ဖမ်းဆီး ခေါ်ဆောင်သွားခြင်းနှင့်ပတ်သက်ပြီး ရေယာဉ်လိုင်း ပိုင်ရှင် ဦးရွှေသန်း အပါအဝင် ဝန်ထမ်း ရှစ်ဦးသည် ဖမ်းဆီးခြင်း ခံခဲ့ ရသည်။ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ၎င်းတို့ ရှစ်ဦးကို ဘူးသီးတောင်မြို့နယ် တရားရုံး၌ ရုံးထုတ်ခဲ့ပြီး ၎င်းတို့ ရှစ်ဦးအနက်မှ အသက်မပြည့်သည့် ဝန်ထမ်း လူငယ် တစ်ဦးကို ပြန်လည် လွှတ်ပေးခဲ့သည်။ ကျန်ရှိသည့် ရေယာဉ်လိုင်း ပိုင်ရှင် ဦးရွှေသန်း အပါအဝင် ဝန်ထမ်း ခုနစ်ဦးကို အမှတ် (၃) နယ်ခြားစောင့်တပ်ရင်းတွင် ထိန်းသိမ်းထားကြောင်း သိရှိရသည်။

### အိုးထိန်းဆရာတော်၊ အုပ်ချုပ်ရေးမှူးနှင့် အရပ်သား သုံးဦး တို့ကို ရဲတပ်ဖွဲ့ထံလွှဲပြောင်း၍ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်

နှစ်လကြာ ထိန်းသိမ်း စစ်ဆေးခဲ့ပြီးနောက် ရက္ခိုင့် တပ်မတော်(AA)နှင့် ဆက်နွယ်သည့် အထောက်အထားများ တွေ့ရှိရသည် ဟုဆိုကာ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် တပ်မတော်မှ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ အိုးထိန်း ကျေးရွာမှ ကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တဦးကဝိဇေ၊ အိုးထိန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝေစိုးထွန်းနှင့် အရပ်သား သုံးဦးတို့ကို စစ်တွေ အမှတ် (၁) ရဲစခန်းသို့ လွှဲပြောင်းပေးခဲ့သည်။ ၎င်းတို့ ငါးဦးကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀ ဖြင့် အမှုဖွင့်ထားသည်ဟု သိရှိရသည်။ စက်တင်ဘာလ ၂၀ ရက်နေ့တွင် အိုးထိန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝေစိုးထွန်းနှင့် ယာဉ်မောင်း ဦးမောင်သာစိန်တို့သည် မြောက်ဦးမြို့နယ်၊ လင်းမြေတောင်အနီးသို့ ကားဖြင့် သွားစဉ် ဖမ်းဆီးခြင်း ခံခဲ့ရသည်။ ဖမ်းဆီးခြင်းခံရသူများအနက် ယာဉ်မောင်း ဦးမောင်သာစိန်သည် ပျောက်ဆုံးနေဆဲဖြစ်ပြီး ကျန်ရွာသား သုံးဦးသည် စစ်တွေ၊ ကျောက်တော်နှင့် မြောက်ဦးမြို့နယ် များမှ ဖြစ်သည်။ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းဦးစီး ဗိုလ်မှူးကြီး ဝင်းဇော်ဦးမှ ပျောက်ဆုံးနေသည့် ဦးမောင်သာစိန်နှင့် ပတ်သက်၍ တပ်မတော်မှ ဖမ်းဆီးထား သူများ အားလုံးကို ရဲတပ်ဖွဲ့ကို လွှဲပြောင်းထား သည်ဟု ပြောကြားခဲ့သည်။

### စစ်တပ်မှ ဖမ်းဆီးထားသူ ၁၀ ဦးကို အမ်းမြို့မရဲစခန်းသို့ လွှဲပြောင်း

နိုဝင်ဘာလ ၁၉ ရက်နေ့တွင် တပ်မတော်မှ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်မှ ရွာသား ခုနစ်ဦးနှင့် အမ်းမြို့နယ်မှ ရွာသား သုံးဦးတို့ကို အမ်းမြို့မရဲစခန်းသို့ လွှဲပြောင်းပေးပြီး အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(ည)၊ ၅၂(က) ဖြင့် အမှုဖွင့်ခဲ့သည်။ ဖမ်းဆီး၊ အမှုဖွင့်ခြင်းခံထားရသည့် ရွာသားများမှာ မြေပုံမြို့နယ်၊ ယောချောင်း ရွာသာယာ ကျေးရွာမှ ဦးတင်မြင့်၊ ဦးမောင်သန်းမြင့်၊ ဦးခင်မောင်လေး၊ ဦးတင်မောင်ညွန့် နှင့် ဦးမောင်တင်မြင့်နှင့် မြတဲတောင် ကျေးရွာမှ ကိုတင်ရွှေသန်း နှင့် ကိုလှထွန်းချေ (ခ) လုံးချေ၊ အမ်းမြို့နယ် ရှူးစံပြကျေးရွာမှ ကိုထွန်းသိန်းဝင်း၊ သလူမော်ကျေးရွာမှ ကိုသိန်းကျော်ထွန်း နှင့် ဦးသန်း တို့ဖြစ်ကြသည်။ နိုဝင်ဘာလ ၁၀ ရက်နေ့နှင့် နိုဝင်ဘာလ ၁၁ ရက်နေ့တို့တွင် တပ်မတော် စစ်ကြောင်းတစ်ခုမှ ၎င်းတို့ကို ရက္ခိုင့်တပ်မတော် (AA) နှင့်ဆက်နွယ်သည် ဟူသောသံသယဖြင့် ဖမ်းဆီးခဲ့သည်။ ဦးလှထွန်းချေ(ခ) လုံးချေသည် တပ်မတော်စစ်ကြောရေး စခန်းမှ ရရှိလာသည့်ဒဏ်ရာများကြောင့် အသက်အန္တရာယ် စိုးရိမ်ရ သည့် အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း ၎င်း၏မိသားစု မှ ပြောကြားခဲ့သည်။ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ဦးလှထွန်းချေ(ခ) လုံးချေသည် ရဲအစောင့် အရှောက်များ နှင့် အမ်းမြို့နယ်ဆေးရုံအရေးပေါ်ဌာနကို ဆေးလာထည့်ခဲ့ သည်။ ယင်းနောက် ၎င်းကို ရဲစခန်း၌ ပြန်လည် ထိန်းသိမ်း ထားခဲ့သည်။

### အောင်သပြေကျေးရွာမှ ကိုးတန်းကျောင်းသား မောင်တူးဝေယံ နှိပ်စက်ခံနေရကြောင်း ရေးတင်ခဲ့သူကို အမှုဖွင့်

နိုဝင်ဘာလ ၁၈ ရက်နေ့တွင် မန္တလေးလူငယ်သင်တန်း ကျောင်းမှ Kyaw Ni လူမှုကွန်ရက်စာမျက်နှာပိုင်ရှင်ကို မဟုတ်မမှန် လီဆယ်ရေးသား ဖြန့်ချိသည်ဟုဆိုကာ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ)ဖြင့် အမှုဖွင့်ခဲ့သည်။ မန္တလေးလူငယ် သင်တန်းကျောင်းတွင် ယာယီထိန်းသိမ်း ခြင်းခံထားရသော မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီး မြို့နယ်၊ အောင်သပြေကျေးရွာ မှ ကိုးတန်းကျောင်းသား မောင်တူးဝေယံသည် တုတ်ဖြင့်ရိုက်ခြင်းခံခဲ့ရသလို အခြား သင်တန်းကျောင်းသား ၂၀ ခန့်၏ ထိုးကြိတ် ကန်ကျောက်

ခြင်းကိုလည်း ခံခဲ့ရကြောင်း Kyaw Ni လူမှုကွန်ရက် ပိုင်ရှင်သည် ၎င်း၏ လူမှုကွန်ရက်စာမျက်နှာ၌ ရေးတင်ခဲ့ သည်။ ထိုရေးတင်မှုသည် မဟုတ်မမှန်ဘဲ ကျောင်း၏ ဂုဏ်သိက္ခာကျဆင်းစေသည်ဟုဆိုကာ ဆက်သွယ်ရေး ဥပဒေ ဖြင့် အမှုဖွင့်ခဲ့ခြင်း ဖြစ်သည်။

### အလုပ်သမားများ၏ နစ်နာမှုအတွက် နစ်နာကြေး ပေးချေရန် ဆန္ဒထုတ်ဖော်ခဲ့သူ ငါးဦးကို အမှုဖွင့်

စက်ရုံပိတ်သိမ်းမှုကြောင့် အလုပ်သမားများ၏ နစ်နာမှု အတွက် နစ်နာကြေးပေးချေရန် ဆန္ဒထုတ်ဖော်ခဲ့ခြင်း အတွက် နိုဝင်ဘာလ ၉ ရက်နေ့တွင် ဒဂုံမြို့နယ် ရဲစခန်းမှူး မှ တရားလိုပြုလုပ်၍ Natural Garment စက်ရုံ အလုပ်သမား ခေါင်းဆောင် လေးဦးဖြစ်သော မသန္တာဖြိုး၊ ကိုချစ်နန်းမောင်၊ ကိုပြည့်စုံအောင်၊ ကိုကျော်မျိုးထိုက်နှင့် အလုပ်သမား အခွင့်အရေးလှုပ်ရှားသူအဖွဲ့ (Action Labor Rights) မှ စည်းရုံးရေးမှူး မမိုးစန္ဒာမြင့်တို့အား ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေ ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခဲ့သည်။ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် အဆိုပါ စွပ်စွဲခံရသူ ငါး ဦးသည် တစ်ဦးလျှင် ကျပ်ငါးသိန်း ဖြင့် ဒဂုံမြို့နယ် ရဲစခန်းတွင် ခံဝန်ပြုလုပ်ခဲ့သည်။ နိုဝင်ဘာလ ၈ ရက်နေ့နှင့် နိုဝင်ဘာလ ၉ ရက်နေ့များတွင် စက်ရုံအလုပ်သမား ၅၀၀ ကျော်မှ ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ရုံးသို့ လာရောက်တောင်းဆိုခဲ့ကြခြင်း ဖြစ်သည်။

### ဒုရဲမှူးတစ်ဦး ဖမ်းဆီးခံရမှုနှင့် ဆက်စပ်၍ ကျောက်တော်မှ ကားသမား တစ်ဦးကို အမှုဖွင့်

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ အပေါက်ဝနယ်မြေ ရဲစခန်းမှူး ဒုရဲအုပ် မျိုးကိုကိုအား ရက္ခိုင့်တပ်မတော်(AA)မှ ဖမ်းဆီး ခေါ်ဆောင်သွားခြင်းနှင့်ပတ်သက်၍ AA နှင့်ဆက်စပ်သည့် သံသယဖြင့် ရဲတပ်ဖွဲ့မှ ကျောက်တော် မြို့နယ်၊ ပိုက်သည် ရပ်ကွက်မှ လိုင်းကားမောင်းသူ ယာဉ်မောင်း ဦးထွန်းချေကို ဖမ်းဆီးခဲ့ပြီး အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(က) (ခ)၊ ၅၂(က)တို့ဖြင့် အမှုဖွင့်ခဲ့သည်။ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ဒုရဲအုပ် မျိုးကိုကိုသည် ကျောက်တော်မှ စစ်တွေသို့ လိုင်းကားဖြင့် လိုက်ပါလာစဉ် ပုဏ္ဏားကျွန်းမြို့နယ် ကြံခင်းကျေးရွာ အနီးတွင် AA မှ ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို ခံခဲ့ရသည်။ လက်ရှိတွင် ယာဉ်မောင်း ဦးထွန်းချေကို ပုဏ္ဏားကျွန်း မြို့နယ် ရဲစခန်းတွင် ချုပ်နှောင်ထားပြီး ချုပ်ရမန်ယူ စစ်ဆေးလျက်ရှိ သည်။

### လွိုင်ကော်မှ တောင်သူ သုံးဦးကို နောက်တိုးအမှုများနှင့် ထပ်မံတရားစွဲ

ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်ရှိ တပ်မတော်ပိုင် မြေနေရာပေါ်တွင် ဝင်ရောက်စိုက်ပျိုးခဲ့သည်ဟု စွပ်စွဲကာ ပြည်သူပိုင် ပစ္စည်းဖျက်ဆီးမှု ဥပဒေ ပုဒ်မ ၆/၁ ဖြင့် ဖမ်းဆီးတရားစွဲခြင်းခံထားရသည့် တောင်သူ သုံးဦးကို လွိုင်ကော်မြို့နယ် တရားရုံးတွင် ထပ်မံ တရားစွဲဆိုထား သည်ဟုသိရှိရသည်။ တပ်ရင်းမှူး ထျရမှ တရားလို ပြုလုပ်၍ ၎င်းတို့ သုံးဦးကို ဆဲဆိုမှု၊ ဝတ္တရားနှောင့်ယှက်မှု၊ အကျိုးဖျက်ဆီးမှုတို့ဖြင့် လွိုင်ကော်မြို့နယ် တရားရုံးတွင် ထပ်မံ တရားစွဲဆိုထားသည်။ ထိုတောင်သူ သုံးဦးမှာ လွိုင်ကော်မြို့နယ် မြေနီကုန်းကျေးရွာမှ ခူးဦးရယ်၊ ၃ မို ပကြဲကျေးရွာမှ ခူးကိုရယ်စိုးညွန့်နှင့် ဒေါ်မူကလား ကျေးရွာမှ ခူးရှားရယ်တို့ဖြစ်ပြီး လက်ရှိတွင် ၎င်းတို့သည် လွိုင်ကော်အကျဉ်းထောင်မှ နေ၍ တရားရင်ဆိုင်နေ ကြရသည်။

### ခွင့်ပြုချက်မယူဘဲ ဆန္ဒထုတ်ဖော်ခဲ့ခြင်းအတွက် တက်ကြွလှုပ်ရှားသူ လေးဦး အမှုဖွင့်ခြင်းခံရ

ခွင့်ပြုချက်မယူဘဲ ဆန္ဒထုတ်ဖော်ခဲ့ခြင်းအတွက် တက်ကြွလှုပ်ရှားသူ ကိုနောင်နောင်၊ ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်မှ ကိုကျော်မျိုး၊ တက်ကြွလှုပ်ရှားသူ ဦးငွေအောင်နှင့် ဦးစိုးဇော်တို့သည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေ ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခြင်းခံခဲ့ရသည်။ ကျောက်တံတားမြို့နယ် ရဲမှူးမျိုးသန့်မှ တရားလို ပြုလုပ်ကာ ၎င်းတို့ကို အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။ နိုဝင်ဘာလ ၂၉ ရက်နေ့တရားခွင်တွင် ဦးငွေအောင်နှင့် ဦးစိုးဇော် တို့သည် အာမခံလျှောက်ထားခဲ့သော်လည်း ကိုနောင်နောင် နှင့် ကိုကျော်မျိုးတို့သည် အာမခံလျှောက်ထားရန် ငြင်းပယ် ခဲ့သည့်အတွက် အင်းစိန်အကျဉ်းထောင်သို့ ပို့ဆောင်ခြင်း ခံခဲ့ရသည်။

နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ၎င်းတို့လေးဦးသည် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်သပြေ ကျေးရွာအနီးရှိ ကျောက်မီးသွေး စွမ်းအင်သုံး ဘိလပ်မြေ စက်ရုံ ဖျက်သိမ်းရေး၊ အကျဉ်းထောင်တွင်း ဖမ်းဆီးခြင်း ခံထားရသူ သေဆုံးခဲ့မှု အမှုမှန် ဖော်ထုတ်ပေးရေး၊ ဖမ်းဆီး ထားသည့် ၉ တန်း ကျောင်းသားကို ပြန်လွှတ်ပေးရေး စသည်များကို ဆန္ဒထုတ်ဖော် တောင်းဆိုခဲ့ကြသည်။

## ▶ တရားရင်ဆိုင်ရခြင်းများ

**ဗိုလ်ချုပ်ထွန်းမြတ်နိုင်၏ ညီမ နှင့် ယောက်ဖဖြစ်သူတို့အား တရားစွဲဆိုထားမှုကို တရားရုံးမှ လက်ခံ**

ရက္ခိုင့်တပ်မတော်(AA) စစ်ဦးစီးချုပ်၏ ညီမဖြစ်သူ မယမင်းမြတ်(ခ) မိုးနှင်းဖြူနှင့် ယောက်ဖဖြစ်သူ ကိုကျော်နိုင်တို့ကို ရဲတပ်ဖွဲ့မှ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂ (က) ဖြင့် တရားစွဲဆိုထားခြင်းကို နိုဝင်ဘာလ ၁၅ ရက်နေ့တွင် မရမ်းကုန်း မြို့နယ်တရားရုံးမှ လက်ခံခဲ့သည်။ အောက်တိုဘာလ ၁၉ ရက်နေ့တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှ ရန်ကုန်သို့ ပြန်လာသည့် ဗိုလ်ချုပ်ထွန်းမြတ်နိုင်၏ ယောက်ဖဖြစ်သူ ကိုကျော်နိုင်နှင့် ၎င်းကို လာကြိုသည့် ဇနီးဖြစ်သူ မယမင်းမြတ်(ခ) မိုးနှင်းဖြူ တို့ကို ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဖမ်းဆီးခဲ့သည်။ ကိုကျော်နိုင်သည် မန္တလေးတွင် ဖမ်းဆီးရမိသော ဖောက်ခွဲရေးပစ္စည်းများနှင့် ပတ်သက်၍ AA အဖွဲ့မှ ထွက်ပြေးတိမ်းရှောင်နေသူ ကိုမောင်မောင်စိုးအား ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့တွင် တွေ့ဆုံခဲ့ ပြီး ထိုင်းဘတ်ငွေ ၂၀၀၀ ထောက်ပံ့ခဲ့သဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး သတင်းရဲတပ်ဖွဲ့ (ရန်ကုန်)မှ ဒုရဲမှူး မင်းခိုင်မှ တရားလို ပြုလုပ်ကာ မရမ်းကုန်းမြို့မှ ရဲစခန်း၌ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)(ခ) (ဂ) တို့ဖြင့် အမှုဖွင့်ထားခြင်း ဖြစ်သည်။

**တပ်မတော်မှ တရားစွဲဆိုထားသည့် မြဝတီမင်းကြီး ကျောင်းတိုက်ဆရာတော်ကို အာမခံပေး**

နိုဝင်ဘာလ ၇ ရက်နေ့တွင် မန္တလေးတိုင်း ဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် တရားရုံးမှ အသရေဖျက်မှု ပုဒ်မ ၅၀၀ ဖြင့် တရားစွဲဆိုခြင်းခံထားရသည့် မြဝတီမင်းကြီး ကျောင်းတိုက်ဆရာတော် အရှင်အရိယဝံသာသဘိဝံသကို ကိုယ်ပိုင် ခံဝန်ဖြင့် အာမခံပေးခဲ့သည်။ ဇွန်လအတွင်း၌ ခေတ်သစ် မီဒီယာတွင် မြဝတီမင်းကြီး ကျောင်းတိုက် ဆရာတော် အရှင်အရိယဝံသာသဘိဝံသ ဖြေကြားခဲ့သည် များသည် တပ်မတော်ကို အကြည်အညိုပျက်စေသည်ဟု ဆိုကာ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဒုဗိုလ်မှူးကြီး သော်တာထွေးမှ တရားလိုပြုလုပ်၍ စက်တင်ဘာလ ၃ ရက်နေ့တွင် ပြည်ကြီး တံခွန် တရားရုံး၌ ဦးတိုက်လျှောက် ထားကာ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

## ▶ ထောင်ဒဏ်ချမှတ်ခံရခြင်းများ

**NSCN-K ခေါင်းဆောင်ဟောင်း ငါးဦးနှင့် အဖွဲ့ဝင် ခြောက်ဦး ကို ထောင်ဒဏ် နှစ်နှစ်စီ ချမှတ်**

နိုဝင်ဘာလ ၆ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ် တရားရုံးမှ နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီ-ကပ္ပလန် (NSCN-K) အဖွဲ့၏ ခေါင်းဆောင်ဟောင်း ငါးဦးနှင့် အဖွဲ့ဝင် ခြောက်ဦးတို့ကို မတရားအသင်း ဆက်သွယ်မှုအက်ဥပဒေ ပုဒ်မ ၁၇(၁) ဖြင့် ထောင်ဒဏ် နှစ်နှစ်စီ ချမှတ်ခဲ့သည်။ အဆိုပါ NSCN-K အဖွဲ့၏ ခေါင်းဆောင် ဟောင်းများမှာ သာသနာရေး ဝန်ကြီးဟောင်း ဦးကျော်ဝမ်းစိန်၊ သစ်တောရေးရာ ဝန်ကြီးဟောင်း ဦးအန့်ကန်၊ ပြည်ထဲရေးဝန်ကြီးဟောင်း ဦးအောင်မိုင်း၊ NSCN-K အဖွဲ့ဝင် ဒုဗိုလ်မှူးကြီး အောင်စိုင်းနှင့် ဦးစောထိန်တို့ ဖြစ်ကြပြီး အဖွဲ့ဝင် ခြောက်ဦးမှာ ဗိုလ်မှူး ကျွားရန်၊ ဒုဗိုလ် စိုင်းအောင်၊ အရာခံဗိုလ် ဝမ်းလတ်၊ တပ်ကြပ် ထွန်းမြင့်၊ တပ်ကြပ် စိုင်းဝမ်၊ တပ်သား လန်ကော် တို့ ဖြစ်ကြသည်။ ၎င်းတို့ကို ထောင်ဒဏ် ချမှတ်လိုက်ရသည့် အဓိက အကြောင်းအရင်းမှာ အိန္ဒိယအစိုးရကို လက်နက်ကိုင် တိုက်ခိုက်နေသည့် ကသည်းနှင့် အာသံ သူပုန်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ၊ နန်းယွန်းမြို့နယ်၊ တကား ကျေးရွာရှိ NSCN-K၏ထိန်းချုပ်နယ်မြေအတွင်း ခိုအောင်းခွင့် ပေးထားခြင်းနှင့် စစ်သင်တန်းများပေးခြင်းတို့ကြောင့် ဖြစ်သည်ဟု နာဂ အမျိုးသား ပါတီမှ နာယက ဖြစ်သူ ဦးဝဏ္ဏမှ ပြောကြား ခဲ့သည်။

**ကရင်နီလူငယ် ခြောက်ဦးအား အလုပ်နှင့် ထောင်ဒဏ် ခြောက်လ ချမှတ်**

နိုဝင်ဘာလ ၇ ရက်နေ့တွင် ကယားပြည်နယ်၊ လွိုင်ကော် မြို့နယ် တရားရုံးမှ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို အကာအကွယ်ပေးရေး ဥပဒေ ပုဒ်မ ၁၀ ဖြင့် ဖမ်းဆီး တရားစွဲဆိုခြင်းခံထားရသည့် ကရင်နီလူငယ် ခြောက်ဦးကို အလုပ်နှင့်ထောင်ဒဏ် ခြောက်လချမှတ်ခဲ့သည်။ ပြစ်ဒဏ်ချမှတ်မှုအပေါ် ကျေနပ်ခြင်း မရှိသည့်အတွက် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ပြည်နယ် အစိုးရကိုယ်စား တရားလို ဦးသက်နောင်မှ လွိုင်ကော်ခရိုင်တရားရုံးတွင် အမှုပြင်ဆင်ချက် လျှောက်လွှာတင်သွင်းခဲ့သည်။

နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကရင်နီ လူငယ် ခြောက်ဦးအနက်မှ တစ်ဦးဖြစ်သူ ခူကြူးဖဲကေး (ခ)ဂူးဂူးသည် လွတ်ရက်စေ့သဖြင့် ပြန်လည် လွတ်မြောက် လာခဲ့သည်။

ဖေဖော်ဝါရီလအတွင်း လှိုင်ကော်မြို့၊ ကန္တာဟောဝန် ပန်းခြံ၌ ဗိုလ်ချုပ် အောင်ဆန်းကြေးရုပ် စိုက်ထူမှုအား သပိတ်စခန်းဖွင့်ကာ ကန့်ကွက်ခဲ့ကြသည်ကို ပြည်နယ် အစိုးရမှ အင်အားသုံးဖြိုခွင်းခဲ့သဖြင့် ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ် စီမံ/ဘဏ္ဍာ ဝန်ကြီးဦးမော်မော်၊ ဗိုလ်ချုပ် ကြေးရုပ် ဖြစ်မြောက်ရေး ကော်မတီဝင်များကို နိုင်ငံတော် ရာဇဝတ်ကောင်များ၊ ကရင်နီ အမျိုးသား သစ္စာဖောက်များ၊ တိုင်းရင်းသား သွေးစည်းညီညွတ်ရေး၏ ရန်သူများ၊ ကျေးဇူးကန်းသူများ အဖြစ် ကရင်နီ လူငယ်များမှ မတ်လ တွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ထို့အတွက် မေလ၌ လှိုင်ကော်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူးမှ တရားလိုပြုလုပ်ကာ ကရင်နီ ပြည်သူ့ အင်အားစု အဖွဲ့ဝင်များ ဖြစ်သည့် ခူကြူးဖဲကေး(ခ)ဂူးဂူး၊ ဂွန်ပေါ(ခ)ပျားလေး၊ မျိုးလှိုင်ဝင်း(ခ)ပါစကွားလယ်၊ ခွန်သောမတ်စ်၊ ဒီးဒီ(ခ)စစ်မုန်း၊ ခူးရီဒူး(ခ)ခူးရီးရယ် တို့ကို တရားစွဲဆိုခဲ့သည်။

### ဓွဲ့အငြိမ့်အဖွဲ့မှ လူရွှင်တော် ငါးဦးကို ဒဏ်ငွေ ချမှတ်

နိုဝင်ဘာလ ၁၄ ရက် နေ့တွင် ဇမ္ဗူသီရိမြို့နယ်တရားရုံးမှ တပ်မတော်ကိုအသရေဖျက်မှုဖြင့် တရားစွဲဆိုခြင်းခံထား သည့် ‘ဓွဲ့’ အငြိမ့်အဖွဲ့မှ လူရွှင်တော်ငါးဦးအား ရာဇသတ်ကြီး ပုဒ်မ ၅၀၀ ဖြင့် ဒဏ်ငွေ တစ်သိန်းကျပ် (သို့မဟုတ်) ထောင်ဒဏ်လေးလ ကျခံစေရန် အမိန့်ချ မှတ်ခဲ့သည်။ ‘ဓွဲ့’ အငြိမ့်အဖွဲ့မှ အငြိမ့်အဖွဲ့ခေါင်းဆောင် ကိုပန်းသီးအပါအဝင် လူရွှင်တော် အာလူး၊ စိမ်းလန်း၊ ဇောက်ထိုးနှင့် ဒိုးပေါက်တို့သည် ဒဏ်ငွေပေးဆောင်ရန် ရွေးချယ်ခဲ့ကြသည်။ မတ်လအတွင်းက နေပြည်တော်၌ ကျင်းပခဲ့သည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေး ထောက်ခံပွဲတစ်ခုအတွင်း တင်ဆက်ခဲ့သည့် ပြက်လုံးတွင် ပြကွက်တစ်ခုသည် တပ်မတော်၏ဂုဏ်သိက္ခာကို ထိခိုက် စေသည်ဟုဆိုကာ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယ ဗိုလ်မှူးကြီး မြင့်ဦးမှ ရာဇသတ်ကြီး ပုဒ်မ ၅၀၀ ဖြင့် ၎င်းတို့ ငါးဦးကို ဧပြီလ၌ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

### ငြိမ်းချမ်းရေးအတွက် တစ်ကိုယ်တော် လမ်းလျှောက် ဆန္ဒထုတ်ဖော်ခဲ့သူ ထောင်ဒဏ် ၁၅ ရက် ချမှတ်ခြင်းခံရ

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့တွင် ငြိမ်းချမ်းရေးအတွက် တစ်ကိုယ်တော်လမ်းလျှောက် ဆန္ဒထုတ်ဖော်ခဲ့သည့် ဦးစိုးဝေသည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေ ပုဒ်မ ၁၉ ဖြင့် ဒဏ်ငွေ နှစ်သောင်းကျပ် (သို့မဟုတ်) ထောင်ဒဏ် ၁၅ ရက် ကျခံစေရန် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် အမိန့်ချမှတ် ခြင်းခံခဲ့ရသည်။ ဦးစိုးဝေသည် ဒဏ်ငွေပေးဆောင်ခြင်း မရှိဘဲ ထောင်ဒဏ် ၁၅ ရက်ကိုသာ ရွေးချယ်ခဲ့သည်။ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ရမ်းဗြဲမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းမှ ဦးစိုးဝေကို ခွင့်ပြုချက်မရှိဘဲ ဆန္ဒထုတ်ဖော်ခဲ့ခြင်းအတွက် ရမ်းဗြဲမြို့မ ရဲစခန်းတွင် အမှုဖွင့်ခဲ့သည်။

### ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့ဝင် ခြောက်ဦးကို အလုပ်နှင့် ထောင်ဒဏ် တစ်နှစ်စီ ချမှတ်

နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဗိုလ်တထောင်မြို့နယ် တရားရုံးမှ တပ်မတော်အတွင်း အုပ်ချုပ်ရေးယန္တရား ပျက်ပြားအောင် သံချပ်ထိုးသည်ဟုဆိုကာ တရားစွဲဆို ခြင်းခံထားရသည့် ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့ဝင် ခုနစ်ဦးအနက် ခြောက်ဦးကို အလုပ်နှင့်ထောင်ဒဏ် တစ်နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး ချုပ်ရက်များကို ထုတ်နုတ်ခံစားခွင့်ပြုခဲ့သည်။ ဒေါင်းတို့မျိုးဆက်သံချပ် အဖွဲ့ဝင်များဖြစ်သည့် ကိုဇေယျာလွင်၊ ကိုပိုင်ရဲသူ၊ ကိုပိုင်ဖြိုးမင်း (ခ) ဒီရေ၊ ကိုဇော်လင်းထွန်း (ခ) ဖိုးသား၊ ကိုငြိမ်းချမ်းစိုး၊ မဆုရတနာမြင့်နှင့် မကေခိုင်ထွန်းတို့ကို ပုဒ်မ ၅၀၅ (က) ဖြင့် တပ်မတော်မှ တရားစွဲဆိုထားခြင်း ဖြစ်ပြီး ကိုငြိမ်းချမ်းစိုးတစ်ဦးသာ အမှုမှ တရားသေလွတ် ခဲ့သည်။

### ဌက်ပျောစိုက်ခင်းများကို ဖျက်ဆီးသည်ဟု ဆိုကာ တောင်သူ ခုနစ်ဦးအား ထောင်ဒဏ် ခြောက်လ (သို့) ဒဏ်ငွေ ငါးသောင်းစီ ပြစ်ဒဏ် ချမှတ်

နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ် တရားရုံးမှ ဝိုင်းမော်မြို့နယ်၊ နန့်ဝါ ကျေးရွာ ရှိ ဒေသခံတောင်သူ ခုနစ်ဦးအား တစ်သျှူး ငှက်ပျောပင် များအား ဖျက်ဆီးသည်ဟုဆိုကာ ထောင်ဒဏ် ခြောက်လ သို့မဟုတ် ငွေဒဏ် ငါးသောင်းကျပ်စီ

ပေးဆောင်စေရန် အမိန့် ချမှတ်ခဲ့သည်။ တောင်သူများ သည် ဒဏ်ငွေ ငါးသောင်းကျပ်အား ပေးဆောင်ခဲ့သည်။ ယင်းကျေးရွာတွင် တစ်သျှူးငှက်ပျော စိုက်ပျိုးနေသည့် မျိုးဆက်ကြယ်ပွင့် ကုမ္ပဏီသည် ၎င်းတို့စိုက်ခင်းများအား ဖျက်ဆီးသည်ဟုဆိုကာ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ယင်းအမှုသည် ၂၀၁၈ ခုနှစ်၊ ဧပြီလတွင် အပြန်အလှန် စွဲဆိုခဲ့သော အမှုဖြစ်ပြီး တောင်သူများမှ ယင်းတို့လုပ်ကိုင် စားသောက် နေသည့် နေရာတွင် တစ်သျှူးငှက်ပျော လာရောက်စိုက်ပျိုးခြင်း ကြောင့် အပြန်အလှန် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

### ရက္ခိုတပြကွန္ဒိန် ထုတ်ဝေ၊ရေးသားချသူအပါအဝင် လေးဦးကို ထောင်ဒဏ် နှစ်နှစ်စီ ချမှတ်

နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်တရားရုံးမှ ရက္ခိုတပြက္ခဒိန် ထုတ်ဝေရောင်းချသူ အပါဝင် လေးဦးကို မတရားအသင်းဆက်သွယ်မှု အက်ဥပဒေ ပုဒ်မ ၁၇(၁)ဖြင့် ထောင်ဒဏ်နှစ်နှစ်စီချမှတ်ခဲ့သည်။ ပြစ်ဒဏ်ချမှတ်ခြင်းခံထားရသူများမှာ ရက္ခိုတပြက္ခဒိန် ထုတ်ဝေရောင်းချသူ ကိုသိန်းအောင်မြတ် အပါအဝင် ရန်ကုန်မြို့မှ ကားအငှားလိုက်လာသည့် တက္ကစီကားမောင်းသူ ကိုဗိုလ်ဆန်း၊ အဖော်အဖြစ် လိုက်ပါလာသူ ကိုကောင်းမြတ်သူနှင့် ဟိုင်းကြီးကျွန်း ရွာသစ်ရွာမှ ကိုဝင်းဗိုလ်တို့ ဖြစ်ကြသည်။ ရက္ခိုတပြက္ခဒိန်ထုတ်ဝေရာတွင် “ရက္ခိုင့်တပ်တော်(AA) ထူထောင်သည့်နေ့စွဲ” ပါရှိသည်ဟုဆိုကာ မတရားအသင်းဆက်သွယ်မှု အက်ဥပဒေ ပုဒ်မ ၁၇(၁)ဖြင့် ရဲတပ်ဖွဲ့မှ ၎င်းတို့ လေးဦးကို တရားစွဲဆိုခဲ့ပြီး ဧပြီလ ၂၂ ရက်နေ့တွင် ငပုတောမြို့နယ်တရားရုံး၌ စတင်ရုံးထုတ်ခဲ့သည်။

ကိုသိန်းအောင်မြတ်သည် ရက္ခိုတပြက္ခဒိန်ကို ရောင်းချနေသည်မှာ ခုနှစ်နှစ်အထိ ရှိနေပြီးဖြစ်ကာ ထိုနှစ်များကလည်း ရက္ခိုတပြက္ခဒိန်ကို ရခိုင် ပြည်နယ်အနှံ့တွင် ထုတ်ဝေဖြန့်ချိခဲ့သည်။

[အထက်တန်းရှေ့နေဟောင်း ဦးဇော်ဝင်းကို ထောင်နှစ်နှစ်ချမှတ်]

ဇွန်လ ၂၀ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တရားရုံးမှ အထက်တန်းရှေ့နေဟောင်း ဦးဇော်ဝင်းကို ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ) ဖြင့် အလုပ်နှင့် ထောင်ဒဏ် နှစ်နှစ် ချမှတ်ခဲ့ပြီး ချုပ်ရက်များကို

ထုတ်နုတ်ခံစားခွင့်ပြုခဲ့သည်။ ဦးဇော်ဝင်းသည် ၂၀၁၈ ခုနှစ်၊ မတ်လအတွင်းက ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတွင် စစ်ဆေးစီရင်ခဲ့သည့် အမျိုးသမီး တစ်ဦး၏ အမှုတွင် ဒုတိယမြို့နယ် တရားသူကြီးမှ နှစ်ရက်အတွင်း စစ်ဆေးကာ အမိန့်ချ ပြစ်ဒဏ်ပေးခဲ့သည်မှာ မတရားပြုလုပ်ခြင်း ဖြစ်ကြောင်းပြောဆိုပြီး တရားသူကြီးဆိုင်းဘုတ်ကို ဖိနပ်ဖြင့် ပစ်ပေါက်ခဲ့သည့်အတွက် ဒုတိယမြို့နယ် တရားသူကြီး ဒေါ်စုသက်ငုံမှ ပုဒ်မ လေးခုဖြင့် ယင်းတရားရုံးတွင်ပင် တရားစွဲဆိုခဲ့သည်။ ယင်းအပြင် ဖိနပ်ဖြင့် ပစ်ပေါက်ခဲ့စဉ်က ပြောကြားခဲ့သည့် စကားများသည် မန္တလေးတိုင်း ဝန်ကြီးချုပ်နှင့် နိုင်ငံတော် အကြီးအကဲများ၏ ဂုဏ်သိက္ခာ ကို ကျဆင်းစေသည်ဟုဆိုကာ ပြည်ကြီးတံခွန်မြို့နယ် ဒုတိယ အထွေထွေ အုပ်ချုပ်ရေးမှူး ဦးကျော်စိုးမှ တရားလိုပြုလုပ်၍ ၎င်းကို တရားစွဲဆိုခဲ့ခြင်းဖြစ်ပြီး ၁၈ လအကြာတွင် ယခုကဲ့သို့ အပြီးသတ် အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

[ဆေးခြောက်တရားဝင်ရရှိရေး ဆန္ဒပြမှုတွင် ဦးဆောင်သူနှစ်ဦးကို ဒဏ်ငွေချမှတ်]

မြန်မာနိုင်ငံ၌ ဆေးခြောက်သုံးစွဲခွင့်၊ စိုက်ပျိုးခွင့်နှင့် ဆေးဝါးနှင့် ကုန်ပစ္စည်းများတွင် အသုံးပြုခွင့်ကို ဥပဒေနှင့်

တရားဝင် သတ်မှတ်ပေးရန် တောင်းဆိုသည့် လှုပ်ရှားမှုတွင် ဦးဆောင် ပါဝင်ခဲ့သည့်အတွက် နိုဝင်ဘာလ ၂၅ ရက်နေ့ တွင် ကျောက်တံတားမြို့နယ် တရားရုံးမှ ကိုစိန်လှမောင် နှင့် ကိုထက်ခိုင်စိုးတို့ကို ဒဏ်ငွေနှစ်သောင်းကျပ်စီ ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့သည်။ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကိုစိန်လှမောင် အပါအဝင် လူငယ်တစ်စုသည် ထိုလှုပ်ရှားမှုကို ပြုလုပ်ခဲ့ကြသည်။ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ကျောက်တံတားမြို့နယ်ရဲစခန်းမှ ၎င်းတို့ နှစ်ဦးကို ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေ ပုဒ်မ ၁၉ ဖြင့် အမှုဖွင့်ခဲ့သည်။ ကိုထက်ခိုင်စိုးသည် ထိုလှုပ်ရှားမှုတွင် ပါဝင်ခြင်းမရှိဘဲ အမှုဖွင့်ခံခဲ့ရခြင်းဖြစ်သည်ဟု သိရှိရသည်။

## ► ထောင်တွင်းအခြေအနေများ

[အကျဉ်းထောင်များ၌ လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေဆဲဟု လူ့အခွင့်အရေး ကော်မရှင်ပြောကြား]

အကျဉ်းထောင်များအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေဆဲဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသား

လူ့အခွင့်အရေး ကော်မရှင်(MNHRC)မှ ပြောရေးဆိုခွင့်ရှိသူ ဦးယုလွင်အောင်မှ နိုဝင်ဘာလ ၂၀ ရက်နေ့၌ ပြောကြားခဲ့သည်။ MNHRC မှ ဦးယုလွင်အောင်နှင့် ဦးစိန်သန်းတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် မိုးညှင်း အကျဉ်းထောင်နှင့် နိုဝင်ဘာလ ၁၉ ရက်နေ့မှ နိုဝင်ဘာလ ၂၀ ရက်နေ့အထိ မြစ်ကြီးနားအကျဉ်းထောင်သို့ ဝင်ရောက် စစ်ဆေးခဲ့ပြီး လူ့အခွင့်အရေး ထိခိုက်မှု ရှိမရှိနှင့် စားသောက်နေထိုင်ရေး လိုအပ် ချက် ရှိမရှိတို့ကို မေးမြန်းခဲ့သည်။ ထို့ပြင် နှစ်ရှည်အကျဉ်းသားများနှင့် တွေ့ဆုံခဲ့ပြီး အခက်အခဲများကို မေးမြန်းခဲ့ကာ သက်ဆိုင်ရာသို့ အကြံပြုချက်များ ဆက်လက် ပေးပို့သွားမည်ဟု ဦးယုလွင်အောင်မှ ဆိုသည်။

## ► ထောင်မှ လွတ်မြောက်မှုများ

[အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်ခြင်းခံထားရသည့် မြေစာရင်းဝန်ထမ်းကို စွဲချက်မတင်နိုင်၍ ပြန်လွှတ်]

နိုဝင်ဘာလ ၇ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင် မြို့နယ် တရားရုံးမှ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(က)/၅၄ ဖြင့် အမှုဖွင့်ဖမ်းဆီးခြင်းခံထားရသည့် မြေစာရင်းဝန်ထမ်း ဦးမောင်လှသိန်းကို စွဲချက်တင်ရန် သက်သေ ခိုင်လုံခြင်းမရှိသဖြင့် စွဲချက်မတင်မီ ပြန်လည် လွှတ်ပေးခဲ့သည်။ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော် စစ်ဘက်ရေးရာလုံခြုံရေး

တပ်ဖွဲ့ဝင်များမှ ဘူးသီးတောင်မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေတိုင်းစာရေး အဆင့်ရှိသူ ဦးမောင်လှသိန်းအား စစ်ဆေးမေးမြန်း ရန်ရှိသည်ဟုဆိုကာ လာရောက်ခေါ်ဆောင်သွားခဲ့ခြင်း ဖြစ်သည်။

(ရန်ကုန်)ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ ကိုဝေယံဖြိုးမိုး သည် ပြစ်ဒဏ်ချမှတ်သည့်နေ့တွင် ပြန်လည် လွတ်မြောက်

နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ကမာရွတ်မြို့နယ်တရားရုံးမှ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်) ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ ကိုဝေယံဖြိုးမိုးကို ထောင်ဒဏ် ၁၅ ရက် ပြစ်ဒဏ်ချမှတ်ခဲ့ပြီး ချုပ်ရက်များကိုပါ ထုတ်နုတ်ခံစား ခွင့်ပြုခဲ့သည်။ ထို့ကြောင့် ကိုဝေယံဖြိုးမိုး သည် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည့်နေ့တွင်ပင် အင်းစိန် အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်လာခဲ့သည်။ ကိုဝေယံဖြိုးမိုးသည် ဇူလိုင်လ ၇ နေ့တွင် ရန်ကုန်တွင် ကျင်းပခဲ့သည့် ၅၇ နှစ်မြောက် ဆဲဗင်းဂျူလိုင်နှစ်ပတ်လည် လမ်းလျှောက်ချီတက်ပွဲကို ခွင့်ပြုချက်မတင်ဘဲ ဦးဆောင် ပါဝင်ခဲ့ခြင်းအတွက် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေ ပုဒ်မ ၁၉ ဖြင့် ကမာရွတ် မြို့နယ်တရားရုံးတွင် တရားစွဲဆိုခြင်းခံခဲ့ရပြီး နိုဝင်ဘာလ ၃ ရက်နေ့တွင် ဖမ်းဆီးခြင်းခံခဲ့ရသည်။

# နိုင်ငံရေးနှင့်နိုင်ငံသားတို့၏လွတ်လပ်ခွင့်အပေါ်တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှု

**ရက္ခိုင့်တပ်မတော်မှ ကျောင်းဆရာတစ်ဦးနှင့် အုပ်ချုပ်ရေးမှူး နှစ်ဦးကို ဖမ်းဆီး**

ရက္ခိုင့်တပ်မတော်(AA)မှ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ အုတ်တောင်ကျေးရွာအုပ်စု၊ အုတ်တောင်ကျေးရွာမှ ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိန်၊ ဆယ်အိမ်မှူး ဦးမောင်စံနှင့် အ.မ.က မြောက်ချောင်းမှ ကျောင်းဆရာ ဦးဆင်ဟုန်(ခေါ်)ဦးသာဦးတို့ကို ဖမ်းဆီးသွားခဲ့သည်ဟု အနောက်ပိုင်း တိုင်းစစ်ဌာနချုပ်မှ ပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူးကြီး ဝင်းဇော်ဦးမှ ပြောကြားခဲ့သည်။ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ၎င်းတို့သုံးဦးသည် ဆိုင်ကယ်နှစ်စီးဖြင့် ဘူးသီးတောင်မြို့နယ် ကျေးလက်ရုံးသို့ သွားရောက်ခဲ့ကြပြီး အပြန်တွင် ကျေးရွာသို့ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံး သွားခဲ့ခြင်း ဖြစ်သည်။

**စစ်ကြောင်းတစ်ခု၏ ဖမ်းဆီး စစ်ဆေးခြင်းကို ခံခဲ့ရသည့် ရခိုင်နှင့် ချင်းလူငယ် တစ်ဦးတို့ ဆေးကုသမှု ခံယူနေရ**

တပ်မတော်မှ ဖမ်းဆီးစစ်ဆေးခဲ့ပြီးနောက် ထိခိုက်ဒဏ်ရာများရရှိခဲ့၍ နိုဝင်ဘာလ ၁ ရက်နေ့တွင် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ စိမ်းစင်းကျေးရွာမှ ရခိုင်လူငယ် ကိုသီဟခိုင်စိုး နှင့် ချင်းလူငယ် ကိုခါလူးဒါတို့သည် ပလက်ဝဆေးရုံ၌ တက်ရောက်၍ ဆေးကုသမှု ခံယူနေရသည်။ အောက်တိုဘာလ ၃၁ ရက်နေ့တွင် စိမ်းစင်းကျေးရွာအနီး မိုင်းတစ်လုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ တပ်မတော်မှ နမဒါ ဈေးမှ ဈေးဝယ်ပြီး ပြန်လာသည့် ၎င်းတို့ နှစ်ဦးနှင့် လစာထုတ်ပြီး ပြန်လာသည့် ကျောင်းဆရာမ လင်မယား နှစ်ဦး တို့ကို တားဆီး၍ စစ်ဆေးမေးမြန်းခဲ့သည်။ ၎င်းတို့အနက်မှ အမျိုးသားများကို ရိုက်ပုတ်၍ စစ်ဆေး မေးမြန်းခဲ့သည်။ ထို့နောက် ကျောင်းဆရာမ လင်မယား နှစ်ဦးအား ပြန်လည်လွှတ်ပေးခဲ့ပြီး ရခိုင်လူငယ် ကိုသီဟခိုင်စိုး နှင့် ချင်းလူငယ် ကိုခါလူးဒါ တို့ကို ဖမ်းဆီးခဲ့သည်။ နိုဝင်ဘာလ ၁ ရက်နေ့တွင် ၎င်းတို့ နှစ်ဦးကို ဒဏ်ရာနှင့် တွေ့ရှိခဲ့ ရသည့်အတွက် ပလပ်ဝဆေးရုံသို့ တင်ခဲ့ခြင်း ဖြစ်သည်ဟု စိမ်းစင်းကျေးရွာသားတစ်ဦးမှ ပြောကြားခဲ့သည်။

**ရသေ့တောင်တွင် တပ်မတော်၏ ဖမ်းဆီးမှုမှ ထွက်ပြေးခဲ့သည့် ရွာသား နှစ်ဦး ပုန်းရှောင်နေရ**

တပ်မတော် စစ်ကြောင်းတစ်ခု၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည့် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ကျောက်တန်းကျေးရွာမှ ဦးငမဲ (ခ) ဦးစောမောင်သိန်း နှင့် ဦးထွန်းဝေတို့သည် ထွက်ပြေးလွတ်မြောက်လာခဲ့ပြီးနောက် လုံခြုံရေးအတွက် စိုးရိမ်ရ၍ ပုန်းရှောင်နေရသည်ဟု ၎င်းတို့နှင့် နီးစပ်သည့် ဒေသခံများမှ ပြောကြားခဲ့သည်။ ပုန်းရှောင်နေရသော ဦးငမဲ နှင့် ဦးထွန်းဝေ တို့သည် အောက်တိုဘာလ ၃၀ ရက်နေ့ ညနေပိုင်းတွင် တပ်မတော်စစ်ကြောင်း၏ ဖမ်းဆီးမှုမှ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ အောက်တိုဘာလ ၃၁ ရက်နေ့ နံနက်ပိုင်းတွင် ၎င်းတို့သည် ဖမ်းဆီးစဥ်၌ ရရှိခဲ့သည့် ဒဏ်ရာများကို ကုသရန် ရသေ့တောင်မြို့ ပြည်သူ့ဆေးရုံတွင် တက်ရောက်၍ ဆေးကုသမှု ခံယူခဲ့သည်။ ထို့နောက် ဆေးရုံမှ ဆင်း၍ ပုန်းရှောင်နေကြခြင်းဖြစ်သည်။

အောက်တိုဘာလ ၂၅ ရက်နေ့တွင် ဦးငမဲ (ခ) ဦးစောမောင်သိန်း နှင့် ဦးထွန်းဝေတို့သည် လယ်ယာလုပ်ရန် သွားစဥ် လမ်း၌ တပ်မတော်စစ်ကြောင်းနှင့် တွေ့၍ ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။ တပ်မတော်မှ ၎င်းတို့နှစ်ဦး အပြင် ရေပုတ်ကျေးရွာမှ ဦးကျော်သန်းလှိုင် နှင့် ဦးလှထွန်းစိန် တို့ကိုလည်း ဖမ်းဆီးခဲ့သည်။ ၎င်းတို့ လေးဦးအနက် သုံးဦးသည် ထွက်ပြေး လွတ်မြောက်လာခဲ့သော်လည်း ရေပုတ်ကျေးရွာမှ ဦးလှထွန်းစိန်သည် ကြိုးဖြေ၍ မရသည့်အတွက်ကြောင့် ကျန်ရှိခဲ့သည်။

နိုဝင်ဘာလ ၁ ရက်နေ့တွင် တပ်မတော် စစ်ကြောင်း ထိုးစွဲကျေးရွာမှ ပြန်လည် ထွက်ခွာချိန်တွင် ကျန်ရှိခဲ့သူ ဦးလှထွန်းစိန်ကို ရွာအပြင်၌ ဒဏ်ရာများနှင့် ထားခဲ့သည်ဟု

ထီးစွဲဒေသခံများမှ ပြောကြားခဲ့သည်။ နိုဝင်ဘာလ ၂ ရက်နေ့တွင် ဦးလှထွန်းစိန်သည် ရွာအပြင် ကွင်းပြင်၌ ဒဏ်ရာများနှင့် သွားလာနေသည်ကို ဒေသခံများ တွေ့ရှိခဲ့ပြီး စိတ်ပုံမှန် မဟုတ်သည့်အနေအထားရှိသည်ကို တွေ့ရှိခဲ့ရသည်ဟု သိရှိရသည်။ ဦးကျော်သန်းလှိုင်သည် ထွက်ပြေးလွတ်မြောက်လာခဲ့ သော်လည်း မည်သည့်နေရာသို့ ရောက်ရှိနေသည်ကို သိရှိရခြင်းမရှိပါ။

## TNLA မှ ဖမ်းဆီးသွားသူ သေဆုံး၊ အလောင်းကို ငွေကျပ် ခုနှစ်သိန်းဖြင့် ပြန်ရွေးခဲ့ရ

တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်(TNLA)မှ ဖမ်းဆီးခေါ်ဆောင်ခဲ့ပြီးနောက် သေဆုံးသွားခဲ့သည့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမြို့နယ်၊ အောင်မေတ္တာ ရပ်တွင် နေထိုင်သူ ပလောင်လူမျိုး ဦးလောက်လူ၏ အလောင်းကို ငွေ ကျပ် ခုနှစ်သိန်းဖြင့် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ပြန်ရွေးခဲ့ရသည်ဟု ၎င်း၏ မိသားစုဝင်များမှ ပြောကြားခဲ့သည်။ သေဆုံးသွားသူ၏ ရုပ်အလောင်းတွင် ရိုက်နှက်ထားသည့် ဒဏ်ရာများကို တွေ့ရှိခဲ့ရပြီး မျက်နှာတွင်လည်း ဖူးရောင်ကိုင်းနေ သည်ဟု အလောင်းကို တွေ့ရှိခဲ့သည့် မျက်မြင်သက်သေများမှ ပြောကြားခဲ့သည်။ ဧပြီလ ၂၂ ရက်နေ့တွင် TNLA မှ ဦးလောက်လူကို ၎င်း၏ နေအိမ်မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ချုပ်နှောင်ထားစဉ် တွင် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

ဦးလောက်လူ မသေဆုံးမီ ရက်အနည်းငယ်တွင် ၎င်း၏ ဇနီးနှင့် ဖုန်းအဆက်အသွယ်ရရှိခဲ့ပြီး ၎င်းကို ငွေပေး ရွေးထုတ်ပေးရန် ဇနီးဖြစ်သူအား ငိုယို အကူအညီ တောင်းပန်ခဲ့သည်၊ ၎င်းသည် အလုပ်ကြမ်းများကို လုပ်ရန် ခိုင်းစေခြင်းခံခဲ့ရပြီး နေရေး စားရေးလည်း ဆင်းရဲလွန်း သည့်အတွက် သေမည်ကို စိုးရိမ်ခြင်းရှိကြောင်း ပြောကြားခဲ့ သည်ဟု မိသားစုနှင့် နီးစပ်သည့် ခိုလုံလီရှော တိုင်းရင်းသား လူငယ်အဖွဲ့ဝင် တစ်ဦးမှ ပြောကြားခဲ့သည်။ TNLA မှ ၎င်းကို ပြန်လွှတ်ပေးရန် တောင်းဆိုသည့်ငွေသည် ကျပ်သိန်း ၇၀၀ ဖြစ်၍ ၎င်း၏ မိသားစုသည် လုံးဝ မတတ်နိုင်ခြင်းကြောင့် နောက်ဆုံးတွင် ကြားလူမှတစ်ဆင့် ဈေးဆစ်ခဲ့ရာတွင် သိန်း ၂၆၀ ပေးရန် TNLA မှ ပြောကြားခဲ့သည်။ နောက်ဆုံးတွင် ၎င်း၏မိသားစုမှ အိမ်ကို ရောင်းချပြီး ချေးငှား၍ ၎င်း ပြန်လည်လွတ်မြောက်လာရေး အတွက် ကြိုးစားနေစဉ်အတွင်း သေဆုံးသွား ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဖမ်းဆီးသည့်နေ့တွင်လည်း TNLA မှ ၎င်း၏ မိသားစုထံမှ ကျပ်ငွေ ကိုးသိန်း၊ အိမ် ဂရန်စာချုပ်၊ မိုဘိုင်းဖုန်း စသည်တို့ကို ယူဆောင်သွားခဲ့ကြောင်း သိရှိရသည်။

## ကျောက်မဲမြို့နယ်တွင် နွားတင်ကား တစ်စီး ပစ်ခတ်ခြင်း ခံခဲ့ရ၍ တစ်ဦးသေ၊ နှစ်ဦး ဒဏ်ရာရ

နိုဝင်ဘာလ ၂ ရက်နေ့တွင် မန္တလေးမြို့မှလာသည့် နွားတင်ကားတစ်စီးသည် တရုတ်-မြန်မာနယ်စပ်ဘက်သို့ ဦးတည် သွားနေစဉ် ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်၌ ပစ်ခတ်ခြင်းခံခဲ့ရ၍ ဒရိုင်ဘာ သေဆုံးသွားခဲ့ပြီး ကားပေါ်မှ လူနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိခဲ့သူ နှစ်ဦးကို ကျောက်မဲပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။ မည်သည့် အဖွဲ့အစည်းမှ ပစ်ခတ်သည်ကို သိရှိရခြင်းမရှိကြောင်း ကျောက်မဲမြို့နယ် ဒေသခံ ဦးတင်မောင်သိန်းမှ ပြောကြား ခဲ့သည်။

## ရက္ခိုင့်တပ်မတော်(AA)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကို ဖမ်းဆီး

နိုဝင်ဘာလ ၃ ရက်နေ့တွင် ရက္ခိုင့်တပ်မတော်(AA)မှ ချင်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝှေ့တင်းကို ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် နယ်စပ်၌ ဖမ်းဆီးခဲ့သည်။ ဦးဝှေ့တင်းသည် ဇိုရမ်ပွိုလမ်းပိုင်းမှ တာဝန်ရှိသည့် အိန္ဒိယနိုင်ငံ သား ငါးဦး၊ ဘာသာပြန် နှစ်ဦးနှင့် Speed Boat (အမြန်ရေယာဉ်ငယ်) မောင်းသူ နှစ်ဦးတို့နှင့်အတူ ပလက်ဝမှ စတင် ထွက်ခွာလာခဲ့ရာ ကျောက်တော်ကြားတွင် ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။ ဦးဝှေ့တင်းသည် နေပြည်တော်တွင် ပြုလုပ်မည့် လွှတ်တော်ပုံမှန် အစည်းအဝေးကို တက်ရောက်ရန် သွားရောက်ခြင်းဖြစ်သည်။

ဖမ်းဆီးခြင်းခံခဲ့ရပြီး နောက်တစ်နေ့တွင် AA မှ ဦးဝှေ့တင်း မှလွဲ၍ ဖမ်းဆီးထားသူများ အားလုံးကို လွှတ်ပေးခဲ့သည်။ အိန္ဒိယနိုင်ငံသားတစ်ဦး သည် လမ်းခရီး၌ အမောဖောက်၍ သေဆုံးသွားခဲ့သည်ဟု AA မှ ထုတ်ပြန်ထားသည်။

## ကျေးရွာအတွင်း လက်နက်ကြီး ကျရောက်ပေါက်ကွဲ၍ ဇနီးမောင်နှံ နှစ်ဦး ဒဏ်ရာရ

နိုဝင်ဘာလ ၄ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ လေးမြို့ချောင်း၏ အရှေ့ဘက် ကျောင်းတောင်ကျေးရွာရှိ နေအိမ်ခြံဝန်းတစ်ခုအတွင်းသို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့ခြင်းကြောင့် နေအိမ်အတွင်းမှ ဒေါ်မထွေးလေး နှင့် ၎င်း၏ ခင်ပွန်းဖြစ်သူ

ဦးကျော်သန်းတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ၎င်းတိုနှစ်ဦးကို မြောက်ဦးဆေးရုံသို့ ပို့ဆောင်ခဲ့သည်ဟု ကျောင်းတောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းရွှေမောင်မှ ပြောကြားခဲ့သည်။

## ကျောက်မဲမြို့ မိုင်းတင်း ရပ်ကျေး ဥက္ကဌ နှင့် အမျိုးသား နှစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခြင်းခံရ၍ သေဆုံး

နိုဝင်ဘာလ ၄ ရက်နေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကျောက်မဲမြို့တွင် မိုင်းတင်း ရပ်ကျေး ဥက္ကဌ ဦးထွန်းရင်နှင့် အမျိုးသား နှစ်ဦးတို့သည် သေနတ်ဖြင့် ပစ်ခတ်ခြင်းခံခဲ့ရ၍ သေဆုံးသွားခဲ့သည်။ သေဆုံးသွားခဲ့ သည့် အမျိုးသား သုံးဦးသည် နမ့်ခုံးစားသောက်ဆိုင်တွင် စားသောက်နေချိန် အမည်မသိ လက်နက်ကိုင်များမှ ဝင်ရောက်ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။

## ကျောက်ဖြူမြို့နယ်တွင် အမျိုးသားတစ်ဦးကို အမည်မသိ လူတစ်စုမှ ဝိုင်းဝန်းရိုက်နှက်ကာ ဖမ်းဆီးခေါ်ဆောင်သွား

နိုဝင်ဘာလ ၄ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်ရှိ လိပ်ခမော်ကျေးရွာနှင့် မလကျွန်းကျေးရွာကြား၌ အမည်မသိလူတစ်စုမှ ဦးမျိုးလွင်အား ဝိုင်းဝန်းရိုက်နှက်၍ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ဖမ်းဆီးခြင်းခံရသူ ဦးမျိုးလွင်သည် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ ကျူရွာဇာတိဖြစ်ပြီး ကျောက်ဖြူမြို့နယ် အတွင်းရှိ ကျေးရွာများတွင် အဝတ်အထည်များကို လပေးစနစ်ဖြင့် သွားရောက်ရောင်းချနေသူ တစ်ဦး ဖြစ်သည်။

## ကျောက်မဲတွင် ကျေးရွာ ဥက္ကဌ သုံးဦးကို ပစ်သတ်

နိုဝင်ဘာလ ၃ ရက်နေ့တွင် အမည်မသိ သေနတ်သမား လေးဦးမှ ရှမ်းပြည်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်ရှိ ကျေးရွာ သုံးရွာမှ ကျေးရွာဥက္ကဌ သုံးဦးကို ပစ်သတ်ခဲ့သည်။ ၎င်းတို့သုံးဦးသည် မိုင်းတင်ရွာမှ စိုင်းထွန်းရင်၊ နိုင်မွန်ရွာမှ စိုင်းအောင်သိန်းနှင့် လောင်ညြကျေးရွာ ဥက္ကဌဟောင်း စိုင်းတုဇေယျတို့ ဖြစ်ကြသည်။ ၎င်းတို့ သုံးဦး အပါအဝင် ငါးဦးသည် ရှမ်းလူမှုအသိုင်းအဝန်း ခေါင်းဆောင်များနှင့် တွေ့ဆုံရန် ကျောက်မဲမြို့ရှိ စားသောက်ဆိုင် တစ်ဆိုင်သို့ လာခဲ့ခြင်းဖြစ်ပြီး အမည်မသိ သေနတ်သမား လေးဦးမှ ၎င်းတို့ကို ဆိုင်အတွင်းသို့ ဝင်ရောက်ပစ်ခတ်ခဲ့ရာ နှစ်ဦးလွတ်မြောက်ခဲ့သည်ဟု ကျောက်မဲမြို့နယ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် စိုင်းထွန်းညာဏ်မှ ပြောကြားခဲ့သည်။

ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)သည် ၎င်းတို့၏ရွာ သုံးရွာသို့ လာရောက်ပြီး ရွာသားများကို လူသစ်စုဆောင်းပေးရန် ၎င်းတို့ကို ပြောကြားခဲ့သည်ဟု သိရှိရသည်။ ၎င်းတို့ သုံးဦးသည် RCSS ၏ အတင်းအကျပ် လူသစ်စုဆောင်းမှုများကို ရပ်တန့်စေရန် နည်းလမ်းများကို ဆွေးနွေးရန် ကျောက်မဲသို့ လာရောက်ခဲ့ခြင်းဖြစ်သည်ဟု သိရှိရသည်။

## ရွှေနဒီအမြန်ရေယာဉ်ပေါ်မှ ဖမ်းဆီးခဲ့သည့် အရပ်သား ၂၅ ဦးကို AA ပြန်လွှတ်ပေး

ရွှေနဒီအမြန်ရေယာဉ်ဖြစ်စဉ်တွင် ရက္ခိုင့်တပ်တော်(AA)မှ ဖမ်းဆီးခဲ့သည့် အရပ်သား ၂၅ ဦးကို နိုဝင်ဘာလ ၅ ရက်နေ့တွင် ဘူးသီးတောင်မြို့နယ်၌ ပြန်လည်လွှတ်ပေးလိုက်ပြီ ဖြစ်ကြောင်း AA ၏ ပြောရေးဆိုခွင့်ရှိသူ ခိုင်သုခမှ ပြောကြားခဲ့သည်။ လွတ်မြောက်လာသူများအနက် ၂၁ ဦးကို ဘူးသီးတောင်မြို့ အမှတ်(၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ရုံး၌ ခေါ်ယူစစ်ဆေးခဲ့ပြီး နိုဝင်ဘာလ ၆ ရက်နေ့တွင် ၎င်းတို့အားလုံးကို ပြန်လည် လွှတ်ပေးခဲ့သည်။

အောက်တိုဘာလ ၂၆ ရက်နေ့တွင် စစ်တွေ-ဘူးသီးတောင် ပြေးဆွဲနေသည့် ရွှေနဒီအမြန်ရေယာဉ်ကို AA မှ တားဆီးကာ စုစုပေါင်း ၅၈ ဦးကို ဖမ်းဆီးခဲ့သည်။ ထို့နောက် အရပ်သားနှင့် စစ်ဘက်ဆိုင်ရာလူများကို ခွဲခြားပြီး စက်လှေပေါ်တင်ဆောင်နေ စဉ် တပ်မတော်မှ ရဟတ်ယာဉ်သုံးစီးဖြင့် ပစ်ခတ်ခဲ့၍ သေဆုံးသူများရှိခဲ့ပြီး ဖမ်းဆီးထားသူများအနက်မှ အများအပြား သေဆုံးခဲ့ရကြောင်း AA မှ ထုတ်ပြန်ထားသည်။

## ဘူးသီးတောင်မြို့နယ်၌ တိုက်ပွဲဖြစ်ပွား၍ ရွာသား တစ်ဦးသေဆုံး၊ သုံးဦး ကျည်ဆန်ထိမှန် ဒဏ်ရာရ

နိုဂင်ဘာလ ၆ ရက်နေ့နှင့် နိုဝင်ဘာလ ၇ ရက်နေ့တို့တွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ သရက်ပြင်ကျေးရွာနှင့် ဖုံညိုလိပ်ကျေးရွာများအနီး တိုက်ပွဲဖြစ်ပွားခဲ့သောကြောင့် ရွာသား တစ်ဦးသေဆုံးခဲ့ပြီး သုံးဦး ကျည်ဆန်ထိမှန် ဒဏ်ရာရရှိခဲ့ သည်။ နိုဂင်ဘာလ ၇ ရက်နေ့တွင် ဘူးသီးတောင်ဆေးရုံသို့ ယူဆောင်လာစဉ် သေဆုံးသွားသူမှာ ဖုံညိုလိပ်ကျေးရွာမှ ဦးချောင်ချူအာလောင်ဖြစ်ပြီး နိုဂင်ဘာ ၆ ရက်နေ့ တိုက်ပွဲကြောင့် ဒဏ်ရာရရှိခဲ့သူများမှာ ဦးမာမတ်ဇော်လိလ်၊ ဒေါ်ရှုံးနားဘာနူနှင့် အသက် နှစ်နှစ် အရွယ် ရာဘီယာဘော်ဆောရီး တို့ဖြစ်ကြပြီး ၎င်းတို့သည် ဘူးသီးတောင်ဆေးရုံ၌ ဆေးကုသမှု ခံယူနေကြရသည်။

### ကွတ်ခိုင်မြို့နယ်တွင် အရပ်သား တစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခြင်းခံရ

နိုဝင်ဘာလ ၅ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ်၊ ပန်ကိုင်၊ပန်လော့ကျေးရွာအုပ်စု၊ ပန်လော့ကျေးရွာတွင် အသက် ၄၄ နှစ် အရွယ် အမျိုးသားတစ်ဦးသည် သေနတ်ဖြင့် ပစ်ခတ်ခြင်းခံခဲ့ရ၍ မူဆယ်မြို့ ပြည်သူ့ဆေးရုံ၌ တက်ရောက်၍ ဆေးကုသမှု ခံယူနေရသည်။ အမည်မသိ လက်နက်ကိုင်သည် ထိုအမျိုးသား၏ နေအိမ်အတွင်းသို့ ဝင်ရောက်၍ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ပစ်ခတ်ခြင်းခံခဲ့ရသူ အမျိုးသားသည် ရပ်ရွာ လူမှုရေးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသူ တစ်ဦးဖြစ်သည်။

### ဒေါ်အောင်ဆန်းစုကြည်ခရီးစဉ်၌ ဆန္ဒထုတ်ဖော်သူငါးဦးကို ခေတ္တထိန်းသိမ်းပြီး ပြန်လွှတ်

နိုဝင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းတွင် မိုးကုတ်မြို့သို့ ဒေါ်အောင်ဆန်းစုကြည်လာရောက်ခဲ့သည့်ခရီးစဉ်တွင် ကျောက်မျက် လုပ်ကွက် နေရာချထားမှုနှင့်ပတ်သက်၍ ဆိုင်းဘုတ်ကိုင်ဆန္ဒထုတ်ဖော်သူ ငါးဦးကို ရဲတပ်ဖွဲ့မှ ခေတ္တထိန်းသိမ်းခဲ့သည်။ ဆန္ဒထုတ်ဖော်မှုကြောင့် ထိန်းသိမ်းခြင်းခံခဲ့ရသူများမှာ ကိုစိုးငွေ၊ ကိုဇော်ဝင်း၊ ကိုကျော်တင်၊ ကိုမျိုးထက်ဇော်နှင့် ကိုအာနီးတို့ ဖြစ်ကြသည်။ ၎င်းတို့အား ညနေပိုင်း၌ ပြန်လွှတ်ပေးခဲ့သည်။

### သရက်ပြင်ရွာအနီးတိုက်ပွဲဖြစ်ပွားသဖြင့် လူငယ် တစ်ဦး ကျည်ထိမှန်၊ ရွာသားများထွက်ပြေး

နိုဝင်ဘာလ ၈ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်၊ သရက်ပြင်ကျေးရွာအနီး ရက္ခိုင့်တပ်မတော် (AA) နှင့် တပ်မတော်တို့ကြား တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး အသက် ၁၅ နှစ်အရွယ် မာမတ်ဟူဆောင် သည် ကျည်ထိမှန် ဒဏ်ရာရရှိခဲ့သည်။ ၎င်းသည် ဘူးသီးတောင် ဆေးရုံတွင် တက်ရောက်၍ ဆေးကုသမှုခံယူ နေသည်။

### မန်းမော်ကျေးရွာသား လေးဦး မိုင်းထိမှန် ဒဏ်ရာရ

နိုဝင်ဘာလ ၇ ရက်နေ့တွင် ရှမ်းပြည်မြောက်ပိုင်း၊ မန်းမော်ကျေးရွာမှ ကိုအောင်ဝင်းနှင့် အဖော် သုံးဦးတို့သည် ဆိုင်ကယ်ဖြင့် မိုင်းငေါ့မြို့သို့ ဈေးဝယ်ထွက်လာခဲ့ရာ အပြန်တွင် မိုင်းတစ်လုံးအား တိုက်မိပြီး ပေါက်ကွဲခဲ့၍ မိုင်းစထိမှန်ကာ ပေါက်ပြဲဒဏ်ရာများရရှိခဲ့သည်။ ထို့ကြောင့် နိုဝင်ဘာလ ၈ ရက်နေ့တွင် ၎င်းတို့သည် ကျောက်မဲခရိုင်၊ ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှု ခံယူခဲ့ပြီး ၎င်းတို့ လေးဦးအနက်မှ သုံးဦးသည် ဒဏ်ရာများသက်သာလာသဖြင့် ဆေးရုံမှ ဆင်းခဲ့သော်လည်း တစ်ဦးမှာ ဒဏ်ရာပြင်းထန်သဖြင့် ဆေးရုံတွင် ဆေးကုသမှု ခံယူနေရဆဲဖြစ်သည်။

### အလောင်းသယ် နာရေးကားပေါ်တွင် လိုက်ပါလာသူများ ရိုက်နှက် ထုထောင်းခြင်းခံရ

နိုဝင်ဘာလ ၁၁ ရက်နေ့တွင် တပ်မတော်သားတချို့မှ အလောင်းတင် နာရေးကားပေါ်တွင် လိုက်ပါလာသူများအား မြေပုံမြို့နယ်၊ ယောချောင်းတံတားတွင် ရိုက်နှက်ကာ သေနတ်များဖြင့် ထုထောင်းမှုများ ပြုလုပ်ခဲ့ သည်ဟု ရိုက်နှက်ခြင်းခံခဲ့ရသူများမှ ပြောကြားခဲ့သည်။ ဤကိစ္စနှင့် ပတ်သက်၍ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူ စစ်ဦးစီးပထမတန်း ဗိုလ်မှူးကြီး ဝင်းဇော်ဦးအား မေးမြန်းရာတွင် ၎င်းတို့မှ ရိုက်နှက်ခြင်း မရှိပါဟု ပြောကြားခဲ့သည်။

### ကွတ်ခိုင်မြို့နယ်အတွင်း တိုက်ပွဲကြောင့် အရပ်သား လေးဦး ထိခိုက်ဒဏ်ရာရ

နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကွတ်ခိုင်မြို့နယ်၊ လွိုင်ဆမ်ဆစ် တောင်ခြေအနီးတွင် တအာင်း(ပလောင်) အမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA)နှင့် တပ်မတော်တို့ကြား တိုက်ပွဲဖြစ်ပွားခဲ့ခြင်းကြောင့် အသက် ၁၈ နှစ်နှင့် အသက် ၁၉ နှစ်အရွယ် အမျိုးသား နှစ်ဦး ကျည်ဆန် ထိမှန်ဒဏ်ရာရရှိခဲ့သည်။ ၎င်းတို့ကို ကွတ်ခိုင် ဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ခဲ့သည်။ အလားတူ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် TNLA နှင့် တပ်မတော်တို့ နမ့်ဖတ်ကာအနီး မိုင်းယုနှင့် ဟိုမုန်းကျေးရွာကြားတွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ သံဃာတော် တစ်ပါး နှင့် အမျိုးသား တစ်ဦး ကျည်ထိမှန် ဒဏ်ရာရရှိခဲ့၍ မူဆယ် ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း သိရှိရသည်။

### ဖမ်းဆီးခံ မီးသတ်တပ်ဖွဲ့ဝင် ၁၉ ဦးမှ တစ်ဦး သေဆုံး၊ ကျန် ၁၈ ဦးကို AA ပြန်လွှတ်ပေး

ရက္ခိုင့်တပ်မတော် (AA)မှ ဖမ်းဆီးခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင် ၁၉ ဦးတွင် ဒု ဦးစီးမှူး အဆင့်ရှိသူ ဦးမြင့်ဇော်မှာ သေဆုံးခဲ့ပြီး ကျန် ၁၈ ဦးကို နိုဝင်ဘာလ ၆ ရက်တွင် ပြန်လည် လွှတ်ပေးခဲ့ကြောင်း AA သတင်းနှင့် ပြန်ကြားရေး တာဝန်ခံ ဦးခိုင်သုခမှ ပြောကြားခဲ့သည်။ ဦးမြင့်ဇော်သည် ဖမ်းဆီးခြင်းခံခဲ့ရသည့်နေ့တွင်ပင် လမ်းခရီး၌ အမောလွန်၍ ဆုံးပါးသွားခဲ့ခြင်းဖြစ်သည်ဟု ၎င်းမှ ဆိုသည်။

AA တပ်ဖွဲ့သည် ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီးကျေးရွာရှိ ဗဟိုမီးသတ်သင်တန်း ဆင်းလာသည့် မီးသတ်တပ်ဖွဲ့ဝင် ၁၉ ဦးနှင့် ကားပေါ်တွင် လိုက်ပါလာသည့် အရပ်သား ၁၂ ဦး

စုစုပေါင်း ၃၁ ဦးကို အောက်တိုဘာလ ၁၁ ရက် နေ့တွင် မြောက်ဦးမြို့အလွန်၌ ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ ထိုသို့ ဖမ်းဆီးကာ ထိန်းသိမ်း စစ်ဆေးခဲ့ရာတွင် စစ်ဘက်နှင့် သက်ဆိုင်မှု မရှိသည့် အရပ်သား ၁၂ ဦးကို အောက်တိုဘာလ ၂၇ ရက်နေ့တွင် ပြန်လည် လွှတ်ပေး ခဲ့သည်။

[မြေပုံမြို့နယ်တွင် ငါးရှောင်းပြီး ပြန်လာသည့် ဇနီးမောင်နှံ နှစ်ဦး ပစ်ခတ်ခြင်းခံခဲ့ရ၍ ဇနီးဖြစ်သူ သေဆုံး]

နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ဝက်ရှူးကျေးရွာမှ ဦးမောင်လှအေးနှင့် ဇနီးဖြစ်သူ ဒေါ်ဦးခင်သန်းတို့သည် ငှင်းကျေးရွာအနီးရှိ ရွာသာယာ ကျေးရွာသို့ စက်တပ်လှေဖြင့် ငါးရှောင်းပြီး အပြန်တွင် တပ်မတော် စစ်ကြောင်းမှ သေနတ်ဖြင့် လှမ်း၍ ပစ်ခတ် ခဲ့သည့်အတွက် ဒေါ်ဦးခင်သန်း သေဆုံးသွားခဲ့သည်။

[ရပ်စောက်မြို့နယ်တွင် ဒေသခံအမျိုးသမီးတစ်ဦး ပစ်ခတ်ခြင်းခံရ၍ သေဆုံး]

နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်၊ နောင်ဝိုးရွာမှ နန်းခမ်းစိန်သည် သေနတ်သမားတစ်ဦး၏ ပစ်ခတ်ခြင်းခံရ၍ သေဆုံးသွား ခဲ့သည်။ နန်းခမ်းစိန်သည် လယ်တောမှ နေအိမ်ပြန် အရောက်တွင် အမျိုးသားတစ်ဦးမှ ဆိုင်ကယ်ဖြင့် နေအိမ် ဝင်းအတွင်းဝင်ရောက်ကာ ပစ်ခတ်ခဲ့ခြင်းဖြစ် သည်။

[ကျုံဒိုးမြို့ ဗုံးပေါက်ကွဲမှု အရပ်သား တစ်ဦးအပါအဝင် လေးဦးသေဆုံး၍ ကိုးဦးခန့် ဒဏ်ရာရ]

နိုဝင်ဘာလ ၁၁ ရက်နေ့ ည ၈ နာရီ အချိန်ဝန်းကျင်ခန့်၌ ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ကျုံဒိုးမြို့ အမှတ်(၁) ရပ်ကွက်၊ ချောင်းဖျားလမ်း၊ ရဲစခန်းအနီးတွင် ရဲလှည့် ကင်းကားတစ်စီးအား အမည်မသိ အဖွဲ့ တစ်ဖွဲ့မှ လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့သဖြင့် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး အရပ်သား တစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင် သုံးဦး သေဆုံး သွားခဲ့သည်။ ထို့ပြင် အရပ်သား ငါးဦးနှင့် ရဲတပ်ဖွဲ့ဝင် လေးဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိ သူများအား ဘားအံပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထား ကြောင်း သိရှိရသည်။

[ပျောက်ဆုံးနေသည့် ထီးစွဲရွာဆော်နှင့် ကျောင်းကပ္ပိယတို့၏ အသုံးအဆောင်ပစ္စည်းများနှင့် ခန္ဓာကိုယ် အစိတ်အပိုင်းများ ကို မီးရှို့ထားသည့် ပြာပုံအတွင်းမှ တွေ့ရှိ]

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ထီးစွဲကျေးရွာမှ ပျောက်ဆုံးနေသည့် အသက် ၇၀ နှစ်အရွယ် ရွာဆော်နှင့် ဘုန်းတော် ကြီးကျောင်း ကပ္ပိယ ဦးမောင်သိန်းကျော်တို့၏ အသုံးအဆောင်ပစ္စည်းများနှင့် ခန္ဓာကိုယ် အစိတ်အပိုင်း များကို ဘုန်းတော်ကြီးကျောင်းအနီးရှိ မီးရှို့ထားသည့် ပြာပုံအတွင်းမှ နိုဝင်ဘာလ ၉ ရက်နေ့၌ တွေ့ရှိခဲ့ရသည်ဟု ဦးမောင်သိန်းကျော်၏ ဇနီးဖြစ်သူ ဒေါ်သိန်းညွန့်ဖြူမှ ပြောကြားခဲ့သည်။ ဦးမောင်သိန်းကျော်သည် တပ်မတော် စစ်ကြောင်း ရွာအတွင်းသို့ ဝင်ရောက်လာသည့် နိုဝင်ဘာလ ၁ ရက်နေ့ကတည်းက ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

[လားရှိုးမြို့တွင် ရှော့ခ်တိုက်ဒုံးကျရောက်၍ တစ်ဦး ဒဏ်ရာရ]

နိုဝင်ဘာလ ၁၆ ရက်နေ့တွင် တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) မှ ရှမ်းပြည်နယ် မြောက်ပိုင်း၊ လားရှိုးမြို့ရှိ လူနေရပ်ကွက်များအတွင်းသို့ ရှော့ခ်တိုက်ဒုံးများဖြင့် ပစ်ခတ်ခဲ့သဖြင့် အမျိုးသမီး တစ်ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ပြီး လူနေအိမ်များ ပျက်စီးခဲ့သည်။ ရှော့ခ်တိုက်ဒုံးများကို လေယာဉ်ကွင်းနှင့် စစ်တပ်များ ရှိရာသို့ ပစ်ခတ်ခဲ့သော်လည်း သတ်မှတ်နေရာသို့ ရောက်ရှိခြင်းမရှိဘဲ လူနေရပ်ကွက်များအတွင်းသို့ ကျရောက်ခဲ့ခြင်းဖြစ်သည်ဟု သိရှိရသည်။

[မင်းပြားမြို့နယ်မှ အဘွားအိုတစ်ဦး ဦးခေါင်းတွင် ကျည်ဆံ ထိမှန် ဒဏ်ရာရ]

နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ပန်းမြောင်းကျေးရွာမှ အသက် ၇၂ နှစ် အရွယ်ရှိ ဒေါ်မဝင်းစိန်သည် နေအိမ်အတွင်း မီးလှုံနေစဉ် တပ်မတော် စစ်ကြောင်းတစ်ခုမှ ပစ်ခတ်ခဲ့သည့် ကျည်ဆံ ထိမှန်၍ ဦးခေါင်းတွင် ဒဏ်ရာရရှိခဲ့သည်။ ဒေါ်မဝင်းစိန်အား ပန်းမြောင်းတိုက်နယ်ဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ထားသည်ဟု မိသားစုဝင် များမှ ပြောကြားခဲ့သည်။ တောင်ဖြူတောင်ဘက်မှ ပန်းမြောင်းသို့ ဆင်းလာသော ၄င်းစစ်ကြောင်းကို ကျေးရွာအနီး ပုရစ်တူးနေသည့် ကလေးငယ်များမှ တွေ့မြင်ရာမှ ကြောက်လန့်၍ ထွက်ပြေးစဉ် စစ်တပ်မှ လိုက်လံ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

[မြောက်ဦးတွင် အမျိုးသမီးတစ်ဦး လက်နက်ကြီးကျည် ထိမှန် ဒဏ်ရာရ]

နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ထိပ်ဝပြင်ကျေးရွာတွင် နေအိမ်ခြံဝင်း တစ်ခုအတွင်းသို့ လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့သည့်အတွက် အသက် ၅၄ နှစ်အရွယ်ရှိ ဒေါ်အောင်ညွှန့်စိန်သည် ကျည်စ ထိမှန် ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိခဲ့သည့် ဒေါ်အောင်ညွှန့်စိန်ကို မြောက်ဦးဆေးရုံသို့ ပို့ဆောင်ထားသည်။ ထိပ်ဝပြင်ကျေးရွာ အတွင်း ကျရောက်ခဲ့သည့် လက်နက်ကြီးကို လင်းမြွေတောင်တွင် တပ်စွဲထားသည့် တပ်မတော်စစ်ကြောင်းမှ ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်ဟု ဒေသခံများမှ စွပ်စွဲပြောဆိုခဲ့သည်။

## တပ်မတော်မှ ဖမ်းဆီးခဲ့သည့် သာစည်ကုန်းကျေးရွာသား ၁၂ ဦး ပြန်လည် လွတ်မြောက်

နိုဝင်ဘာလ ၂၀ ရက်နေ့တွင် တပ်မတော်စစ်ကြောင်း တစ်ခုမှ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံခဲ့ရသော ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ သာစည်ကုန်း ကျေးရွာမှ ရွာသား ၁၂ ဦးသည် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ပြန်လည် လွတ်မြောက်လာခဲ့သည်။ ၎င်းတို့ကို အင်းဒင်ရဲစခန်း မှတစ်ဆင့် ပြန်လည် လွှတ်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။ ပြန်လည်လွတ်မြောက်လာခဲ့သူ များမှာ သာစည်ကုန်းကျေးရွာမှ ဦးထွန်းသိန်း၊ ဦးမောင်ကျော်ဇံ၊ ဦးထွန်းအောင်ကျော်၊ ဦးမောင်သာထွန်း၊ ဦးသန်းထွန်း၊ ဦးကျော်ဝင်းစိန်၊ ဦးဆန်းလှိုင်၊ ဦးထွန်းဝင်းချေ၊ မောင်အထွန်း၊ မောင်ဝင်းမိုးဇော်၊ မောင်လင်းလင်းနှင့် မောင်ဆန်းဦး တို့ဖြစ်ကြသည်။ တပ်မတော်မှ ထိုရွာသား ၁၂ ဦးကို လမ်းပြအဖြစ် ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်ဟု ပြန်လည်လွတ်မြောက်လာသူများ၏ ပြောကြားချက်ကို ကိုးကားပြီး သာစည်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်သန်းညွှန့်မှ ပြောကြားခဲ့သည်။

## ကျောက်မဲမြို့နယ်အတွင်း အမျိုးသားတစ်ဦး မိုင်းနင်းမိ

တိုက်ပွဲဖြစ်ပွားနေသည့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့နယ်၊ မိုင်းငေါ့မြို့နယ်ခွဲရှိ မန်ခေါက်ကျေးရွာ တွင် အသက် ၂၅ နှစ် အရွယ်ရှိ မိုင်းအိုက်လူသည် မိုင်းနင်းမိကာ ဒဏ်ရာ ပြင်းထန်စွာ ရရှိသွားခဲ့သည်။ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် မိုင်းအိုက်လူသည် တောင်ယာ စိုက်ခင်းတွင် ညအိပ်ပြီးအိမ်အပြန်လမ်း၌ မိုင်းထိမိပြီး ဒဏ်ရာရရှိ ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ကျောက်မဲဆေးရုံ၌ ဆေးကုသမှု ခံယူနေသည်ဟု သိရှိရသည်။

## တပ်မတော်မှ ဖမ်းဆီးခဲ့သည့် နမ့်ဆန်ရွာသား ၆၃ ဦးကို ပြန်လွှတ်ပေး

နိုဝင်ဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် တပ်မတော်မှ ရှမ်းပြည်နယ် မြောက်ပိုင်း၊ နမ့်ဆန်မြို့၊ ဟူးခင်ကျေးရွာ အုပ်စု၊ မန်မိုင်မိန်းကွမ်းကျေးရွာမှ ဒေသခံ ၆၃ ဦးကို လမ်းပြလုပ်ခိုင်းမည်ဟုဆိုကာ ဖမ်းဆီးခဲ့ပြီး ထိုနေ့ နေ့လည်ပိုင်းတွင် ပြန်လည်လွှတ်ပေးခဲ့သည်။ ဖမ်းဆီးခြင်း ခံခဲ့ရသူ ၆၃ ဦးတွင် အမျိုးသား ၂၁ ဦးပါဝင်ပြီး အမျိုးသမီး ၄၀ ဦး ပါဝင်သည်ဟု သိရှိရသည်။ အမျိုးသားများကို ပစ္စည်းများ သယ်ခိုင်းခဲ့ပြီး ရွာအတွင်းရေးမှူးကို နှိပ်စက်သည့်အပြင် လက်ကို ကြိုးတုပ်ပြီးမှ အဝတ်အစား အများကြီးကို သယ်ခိုင်းခဲ့သည်ဟု ဖမ်းဆီးခေါ်ဆောင်ခြင်း ခံခဲ့ရသည့် အမျိုးသမီးတစ်ဦးမှ ပြောကြားခဲ့သည်။ ထိုကျေးရွာတွင် ဥက္ကဋ္ဌ မရှိသည့်အတွက် အတွင်းရေးမှူးကို ဖမ်းဆီးခေါ်ဆောင်ခဲ့ခြင်းဖြစ်ပြီး တပ်မတော်အား မိုင်းကိစ္စနှင့် ပတ်သက်၍ သတင်းမပေးသောကြောင့် ရိုက်နှက် နှိပ်စက်ခြင်းဖြစ်ကြောင်း ဒေသခံတစ်ဦးမှ ပြောကြား ခဲ့သည်။ ထိုကျေးရွာ အုပ်ချုပ်ရေးမှူး၏ ကျန်းမာရေး အခြေအနေမှာ ယနေ့ထိပုံမှန် ပြန်မဖြစ်သေးဘဲ စိုးရိမ်ရဆဲ ဖြစ်သည်ဟု နမ့်ဆန်မြို့နယ် အတွင်းမှ ရွာသားများမှ ပြောကြားခဲ့သည်။

## ရသေ့တောင်မြို့နယ်တွင် လက်နက်ကြီးကျည်စ ထိမှန်၍ ရွာသား တစ်ဦး သေဆုံး၊ တစ်ဦး ဒဏ်ရာရ

နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ အမျက်တောင် ကျေးရွာအတွင်းကို လက်နက်ကြီးကျည် ကျရောက် ပေါက်ကွဲခဲ့သည့်အတွက် ဦးချမ်းသိန်းမောင် သေဆုံးခဲ့ပြီး ဦးခင်မောင်ဝင်း ဒဏ်ရာရရှိခဲ့သည်။ ရွာ၏ တစ်ကီလိုမီတာ အဝေးမှ နေ၍ စစ်သားများမှ ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်ဟု ဒေသခံများမှ ပြောကြားခဲ့သည်။

## ပုဏ္ဏားကျွန်းမြို့နယ်တွင် တပ်မှပစ်ခတ်၍ အရပ်သားနှစ်ဦး ဒဏ်ရာရ

ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်တွင် ညအချိန် ဆိုင်ကယ်ဖြင့်သွားနေသည့် အရပ်သားနှစ်ဦးကို တပ်မတော် တပ်ရင်းတစ်ခုမှ သေနတ်ဖြင့်ပစ်ခတ်ခဲ့သည့် အတွက် နှစ်ဦးစလုံးတွင် ဒဏ်ရာရရှိခဲ့သည်။ ၎င်းတို့နှစ်ဦးသည် ပုဏ္ဏားကျွန်းဆေးရုံတွင် ဆေးကုသမှု ခံယူနေရသည်။ နိုဝင်ဘာလ ၂၂ ရက်နေ့ တွင် ကိုစိုးမင်းထွန်းနှင့် ကိုဇော်ချေ တို့နှစ်ဦးသည် ရွာသာယာကျေးရွာမှ ပုဏ္ဏားကျွန်းမြို့ပေါ် သို့သွားစဉ် ၅၅၀ တပ်ရင်းရှေ့အရောက်၌ ပစ်ခတ်ခံခဲ့ရခြင်း ဖြစ်သည်။

## [တံတားလုံခြုံရေး တပ်မတော်သားများမှ သိန္နီဒေသခံ လယ်သမားတစ်ဦးကို ဝိုင်းဝန်းရိုက်နှက်]

နိုဝင်ဘာလ ၁၈ ရက်နေ့တွင် သိန္နီမြို့နယ်၊ ဝက်ဝံ ကျေးရွာအုပ်စုဟိုတာ့ကျေးရွာမှစိုင်းကျော်အေးသည် သိန္နီ တံတား တစ်ဖက်ကမ်းရှိ လယ်ယာလုပ်ငန်းခွင်မှ အပြန် သိန္နီတံတားကို လုံခြုံရေးယူထားသည့် တပ်မတော် သားများ၏ ဝိုင်းဝန်းရိုက်နှက်ခြင်းကို ခံခဲ့ရသည်။ တံတား လုံခြုံရေးယူထားသည့် တပ်မတော်သားများမှ ၎င်းကို တားဆီးစစ်ဆေးရာမှ ရန်ရင်းဆန်ခတ်ဖြစ်၍ ဝိုင်းဝန်း ရိုက်နှက်ခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။ ၎င်းဖြစ်စဉ်ကြောင့် စိုင်းကျော်အေးသည် သိန္နီဆေးရုံတွင် ဆေးကုသမှုခံယူ ခဲ့ရသည်။

## [ကျောက်တော်မြို့နယ်မှ ရွာသား နှစ်ဦး အမြောက်ကျည် ထိမှန်၍ ဒဏ်ရာ အပြင်းအထန်ရ]

နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော ်မြို့နယ်၊ ကုလားတန်မြစ်ကြောင်း တစ်လျှောက်တွင် တပ်မတော်ရေတပ်စစ်ရေယာဉ်များနှင့် ရက္ခိုင့်တပ်မတော် (AA) တို့ကြား တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး ကျောက်တော်မြို့နယ်၊ ကသစ်ဝကျေးရွာမှ ဦးထွန်းလှဖြူ နှင့် မောင်စိုးစိုးတို့သည် အမြောက်ကျည်ဆန် ထိမှန်ကာ အပြင်းအထန် ဒဏ်ရာရရှိခဲ့သည်။ ၎င်းတို့ နှစ်ဦးကို စစ်တွေဆေးရုံသို့ အရေးပေါ် ပို့ဆောင်ခဲ့ ရသည်။

## [ပလပ်ဝမြို့နယ်တွင် ရွာသား တစ်ဦး မြေမြှပ်မိုင်းနင်းမိ၍ သေဆုံး]

နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဒိုးချောင်းဝကျေးရွာသား တစ်ဦးသည် အိမ်ဆောက်ရန်အတွက် တောထဲမှ ဝါးခုတ်ပြီးအပြန် မြေမြှပ်မိုင်းနင်းမိ၍ သေဆုံးသွားခဲ့သည်။ သေဆုံးသူမှာ ဒိုးချောင်းဝကျေးရွာမှ ဦးဖိလိပဖြစ်သည် ဟု သိရှိရသည်။

## [မြောက်ဦးတွင် နွားလွှတ်ရန်သွားသည့် ရွာသားတစ်ဦး ကျည်ထိမှန်ပြီးနောက် သေဆုံး]

နိုဝင်ဘာလ၂၇ ရက်နေ့တွင် ရခိုင်ပြည်နယ်၊မြောက်ဦး မြို့နယ်၊ ကျောင်းတောင်ကျေးရွာ မြောက်ဘက်တွင် တပ်မတော်နှင့် ရက္ခိုင့်တပ်မတော် (AA) တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး တိုက်ပွဲအတွင်း ကျောင်းတောင် ကျေးရွာမှ ကိုသိန်းထွန်းကျော်သည် ကျည်ထိမှန် ဒဏ်ရာရရှိခဲ့သည်။ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ကိုသိန်းထွန်းကျော်သည် ရရှိသည့်ဒဏ်ရာကြောင့် မြောက်ဦးဆေးရုံတွင် သေဆုံးသွားခဲ့သည်။ ကိုသိန်းထွန်းကျော်သည် ကျေးရွာအနီးတွင် ချည်ထားသည့် နွားကို လွှတ်ရန် သွားရာမှ ညာဖက်ပေါင်တွင် ကျည်ထိမှန်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံတစ်ဦးမှ ပြောကြား ခဲ့သည်။

## [သီပေါတွင် ဂျာမနီနိုင်ငံသား တစ်ဦး မိုင်းနင်းမိ၍ သေဆုံး]

နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ရှမ်းပြည်နယ်၊ သီပေါမြို့နယ်တွင် ဂျာမနီနိုင်ငံသား Mr GEIBLER သည် မိုင်းနင်းမိ၍ သေဆုံးသွားခဲ့သည်။ ဂျာမနီနိုင်ငံသား Mr GEIBLER နှင့် အာဂျင်တီးနားနိုင်ငံသူ Mrs Plombo Maria del carmem တို့သည် လမ်းဘေးတွင် ဓာတ်ပုံဆင်းရိုက်စဉ် Mr GEIBLER သည် မိုင်းနင်းမိခဲ့ခြင်း ဖြစ်သည်။

## [ပလက်ဝမြို့နယ် တုံးမဝကျေးရွာအတွင်းသို့ လက်နက်ကြီး ကျည် ကျရောက် ပေါက်ကွဲခဲ့၍ ရွာသား သုံးဦးဒဏ်ရာရရှိ]

နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ တုံးမဝကျေးရွာအနီး တပ်မတော်နှင့် ရက္ခိုင့်တပ်မတော်တို့ကြား တိုက်ပွဲဖြစ်ပွားမှုကြောင့် ကျေးရွာ အတွင်း လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲ ခဲ့၍ ရွာသား သုံးဦးဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများမှာ တုံးမဝကျေးရွာမှ မထက်ထက်မြင့်၊ ဦးသောကြာအောင်နှင့် ဦးကျော်သိန်း တို့ ဖြစ်ကြပြီး ၎င်းတို့သည် ပလက်ဝမြို့ ပြည်သူ့ဆေးရုံသို့ တက်ရောက်၍ ဆေးကုသမှုခံယူ နေကြရသည်။

## [ပလက်ဝ ဒေသခံတစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခြင်းခံရ၍ ဒဏ်ရာ အပြင်းအထန်ရ]

နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ နမဒါကျေးရွာမှ ဦးကျော်ကျော်သည် စက်လှေဖြင့် သစ်ရောင်းရန်သွားစဉ် စစ်တပ်မှ သေနတ်ဖြင့် လှမ်း၍ ပစ်ခတ်ခဲ့သည့်အတွက် ဒဏ်ရာ အပြင်းအထန် ရရှိသွားခဲ့သည်။ ရက္ခိုင့်တပ်မတော်(AA)၏ ထောက်လှမ်းရေးဟု ထင်သည့်အတွက် ပစ်ခတ်ခြင်း ဖြစ်သည်ဟု ဦးကျော်ကျော်၏ ဇနီးဖြစ်သူ ဒေါ်အေးဝင်းသိန်းမှ ပြောကြားခဲ့သည်။ ဦးကျော်ကျော်သည် ကျောက်တော်ဆေးရုံတွင် ဆေးကုသမှုခံယူနေရသည်။

## [ကျောက်တော်တွင် တိုက်ပွဲကြောင့် ရွာသား တစ်ဦး လက်နက်ကြီး ကျည်စ ထိမှန် ဒဏ်ရာရ]

နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ လမုတပင် ကျေးရွာအနီးတွင် ရက္ခိုင့်တပ်မတော်(AA)မှရေတပ်စစ်ရေယာဉ်အုပ်စု တစ်ခု ကို လက်နက်ကြီးဖြင့် ပစ်ခတ်ရာမှ တိုက်ပွဲဖြစ်ပွား ခဲ့ပြီး လမုတပင်ကျေးရွာမှ အသက် ၇၆ နှစ်အရွယ် ဦးမောင်ဘညွန့်သည် လက်နက်ကြီး ကျည်စ ထိမှန် ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာပြင်းထန်စွာ ရရှိသွားခဲ့သည့် အတွက် ဦးမောင်ဘညွန့်ကို ကျောက်တော်ဆေးရုံသို့ ဆေးကုသမှု ခံယူရန် ပို့ဆောင်ခဲ့သည်ဟု သိရှိရသည်။

### နမ္မတူမြို့နယ်တွင် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့၍ အမျိုးသမီးတစ်ဦး သေဆုံး

နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း၊ နမ္မတူမြို့နယ်၊မန်ဝါရွာကျေးရွာအနီးသို့ လက်နက်ကြီးကျည် ကျရောက် ပေါက်ကွဲခဲ့၍ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီး အမျိုးသမီး နှစ်ဦး ဒဏ်ရာရရှိသွားခဲ့သည်။ နိုဝင်ဘာလ ၂၈ ရက်နေ့ကတည်းက တပ်မတော် စစ်ကြောင်းနှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)တို့ကြား တိုက်ပွဲဖြစ်ပွားခြင်းဖြစ်ပြီး နိုဝင်ဘာလ ၂၉ ရက်နေ့တွင် နမ္မတူတပ်စခန်းမှနေ၍ တပ်မတော်မှ ပစ်ခတ်ခဲ့သည့် လက်နက်ကြီး ကျရောက်ပေါက်ကွဲခဲ့သည့်အတွက် ပြောင်းဖူးခွဲနေသည့် အမျိုးသမီးများကို ထိမှန်ခဲ့ခြင်း ဖြစ်သည်ဟု ဒေသခံများမှ ပြောကြားခဲ့သည်။ ဒဏ်ရာရရှိသူ နှစ်ဦးအနက် တစ်ဦးသည် ဒဏ်ရာပြင်းထန်သည့်အတွက် နမ္မတူဆေးရုံမှတစ်ဆင့် လားရှိုးဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

### ရသေ့တောင်တွင် လက်နက်ကြီးကျည်ပေါက်ကွဲမှုကြောင့် လူငယ်တစ်ဦးသေဆုံး

နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ အငူမော်ကုန်တန်းကျေးရွာနှင့် သာစည်ကုန်းကျေးရွာ အကြားတွင် နွားကျောင်းနေသည့် လူငယ်တစ်ဦးသည် လက်နက်ကြီးကျည်ပေါက်ကွဲမှုကြောင့် သေဆုံးသွားခဲ့သည်။ သေဆုံးသူမှာ အငူမော်ကုန်တန်း ကျေးရွာမှ အသက် (၁၂)နှစ်အရွယ် မောင်ကျော်သက်ဦး ဖြစ်သည်။ ယင်းလူငယ်သည် တောင်ကုန်းပေါ်တွင် နွားကျောင်းနေစဉ် မပေါက်ကွဲသေးသောလက်နက်ကြီး ကျည်ကို ထုကြည့်ရာမှ ပေါက်ကွဲမှုဖြစ်ပွား၍ သေဆုံး သွားခဲ့ခြင်းဖြစ်သည်။

## ► လယ်ယာမြေအငြင်းပွားမှုများ

### မြေသိမ်းဆည်းခြင်းခံခဲ့ရသည့်အတွက် လျော်ကြေး ပေးအပ်ရန် သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ ငါ့သရောက်မြို့ တည်ဆောက်ရာတွင် မြေသိမ်းဆည်းခြင်းခံခဲ့ရသည့် တောင်သူများမှ ၎င်းတို့၏ နစ်နာမှုများအတွက် လျော်ကြေးပေးအပ်ရန် နိုဝင်ဘာလ ၃ ရက်နေ့တွင် မန္တလေးမြို့၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ ၎င်းတို့၏ မြေများကို ငါ့သရောက်မြို့မြေအဖြစ် သိမ်းဆည်းခဲ့စဉ်က လျော်ကြေး၊ နစ်နာကြေးများ ရရှိခြင်းမရှိသဖြင့် နိုင်ငံတော်သမ္မတနှင့် တာဝန်ရှိသူများ သိရှိနိုင်ရန်အတွက် ယခုကဲ့သို့ သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်ရခြင်းဖြစ်ကြောင်း ငါ့သရောက်မြို့ အမှတ်(၂)ရပ်ကွက်မှ ဦးမျိုးမြင့်မှ ပြောကြားခဲ့သည်။ ထို့ပြင် သိမ်းဆည်းစဉ်က တောင်သူများ အနေနှင့် မည်သည့်အတွက်ကြောင့် သိမ်းဆည်းသည်ကို သိရှိရခြင်းမရှိကြောင်း၊ မြေသိမ်းဥပဒေနှင့်အညီ သိမ်းဆည်းခြင်းမျိုး မဟုတ်သဖြင့် သိမ်းဆည်းခံ တောင်သူများမှာ နစ်နာခဲ့ရကြောင်း၊ ယင်းသိမ်းဆည်းခံမြေများအတွက် လျော်ကြေး၊ နစ်နာကြေးများပေးရန်နှင့် မူလပိုင်ရှင်မဟုတ်ဘဲ ကျူးကျော်နေထိုင်သူများကို အမြန်ဆုံး ဖယ်ရှားပေးစေလိုကြောင်း ၎င်းမှ ဆက်လက် ပြောကြားခဲ့သည်။

### တာချီလိတ်မြို့နယ်တွင် သိမ်းဆည်းခြင်းခံထားရသည့် လယ်ယာမြေများ ပြန်လည် ပေးအပ်ရန် တောင်းဆို

ရှမ်းပြည်နယ် အရှေ့ပိုင်း၊ တာချီလိတ်မြို့နယ်၊ ဟောင်လိတ် (ပေါက်ဆေခမ်း) ကျေးရွာတွင် သိမ်းဆည်းခြင်း ခံထားရသည့် မြေယာများ ပြန်လည် ပေးအပ်ရန် လယ်သမားများမှ တောင်းဆိုခဲ့သည်။ ၁၉၉၈-၁၉၉၉ ခုနှစ်တွင် တပ်မတော်မှ တာချီလိတ်မြို့ စက်မှုဇုံ ပြုလုပ်ရန်အတွက် ဟောင်လိတ် ကျေးရွာရှိ လယ်ယာမြေ ဧက ၆၀၀ ကျော်ကို သိမ်းဆည်းခဲ့ရာ လက်ရှိ အချိန်ထိ စက်မှုဇုံ ပြုလုပ်ရခြင်း မရှိသေး၍ ထိုလယ်မြေများကို ပြန်လည် ပေးအပ်ရန် တောင်းဆိုရခြင်း ဖြစ်ကြောင်း ဟောင်လိတ် ကျေးရွာမှ ဒေသခံများမှ ပြောကြားခဲ့သည်။

### ယန်စီကုမ္ပဏီမှ ခြံစည်းရိုးခတ်ရာတွင် ကျေးရွာ၏ စားကျက်မြေနှင့် ပလပ်မြေများ ပါဝင်နေ၍ ဒေသခံများ တားမြစ်

မြန်မာယန်စီကုမ္ပဏီမှ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင် မြို့နယ်၊ ရွှေပန်းခိုင်ကျေးရွာအနီး ရွှေနှင်းဆီတောင်ရှိ မြေများကို စီမံကိန်းဧရိယာဟုဆိုကာ ခြံစည်းရိုးခတ်ရာတွင်

ကျေးရွာ၏စားကျက်မြေနှင့် ပလပ်မြေများပါဝင် နေသည့်အတွက် ဒေသခံများမှ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် တားမြစ်ခဲ့ကြသည်။ ကုမ္ပဏီမှ ခြံစည်းရိုး ခတ်ရာတွင် မူလသဘောတူညီချက်၌ ပါဝင်ခြင်းမရှိသည့် ကျေးရွာ၏ စားကျက်မြေဧက ၆၀၀ ခန့် ပါဝင်နေသည်ဟု ဒေသခံများမှ ပြောကြားခဲ့သည်။ ဒေသခံများ၏ စားကျက်မြေကို စီမံကိန်းဧရိယာအတွင်း ထည့်သွင်းမည်ဆိုလျှင် ဒေသဖွံ့ဖြိုးရေးအဆောက်အဦးများ ဆောက်လုပ်ပေးရန် ကုမ္ပဏီဘက်ကို တောင်းဆိုထားသည်ဟု ရွှေပန်းခိုင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်ဌေးမှ ပြောကြား ခဲ့သည်။ ၂၀၁၆ ခုနှစ်ကတည်းက မြန်မာယန်စီကုမ္ပဏီမှ ရွှေနှင်းဆီတောင်၌ ဧက ၆၀၀၀ ကို စီမံကိန်းနယ်မြေအဖြစ် လုပ်ကိုင်ခွင့်ရရှိထားခြင်း ဖြစ်သည်။

ခဲ့ပြီး စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသည့် ရန်ကုန်မှ ဧကသောင်းနှင့်ချီသည့် လယ်မြေများကို မူလတောင်သူများထံ ပြန်လည်ခွဲဝေပေးအပ်ရန် ဒေသခံတောင်သူ ၉၈၅ ဦးမှ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကန့်ကွက်လွှာ တင်သွင်းခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့နယ်(တောင်ပိုင်း) တို့မှ လယ်မြေများကို စက်မှုလယ်ယာအဖြစ် ကုမ္ပဏီများ နှင့်အကျိုးတူဆောင်ရွက်ရန်ဟု အကြောင်းပြကာ သိမ်းဆည်းခဲ့သည်။ ၂၀၁၈ ခုနှစ် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေအရ အဆိုပါ စိုက်ပျိုးခြင်းမရှိသည့် လယ်ယာမြေများကို ပြန်လည် သိမ်းယူ၍ ဒေသခံပြည်သူများထံ ခွဲဝေ လုပ်ကိုင်ခွင့်ပြုရန် တောင်းဆိုရခြင်းဖြစ်ကြောင်း လယ်သမားများအရေး ဆောင်ရွက်နေသည့် ရှေ့နေ ဖိုးဖြူမှ ပြောကြားခဲ့သည်။

စီမံကိန်းဧရိယာအတွင်း ပါဝင်နေသည့် လယ်ယာမြေဧက ၂၀၀ ကျော်အတွက် မြေယာ လျော်ကြေးအဖြစ် တစ်ဧကကို ကျပ်သိန်း ၃၀ ပေးအပ်ရန်၊ ဒေသခံများကို အလုပ်အကိုင်ပေးအပ်ရန် ကျေးရွာသားများနှင့် သဘောတူညီမှုရရှိထားပြီး ဖြစ်သည်ဟု သိရှိရသည်။မြေယာလျော်ကြေးကို အောက်တိုဘာလတွင် တစ်ကြိမ်၊ နိုဝင်ဘာလတွင် တစ်ကြိမ် ၁၀ သိန်းစီ ပေးထားခဲ့ပြီး ခြံစည်းရိုးခတ်ပြီးလျှင် နောက်ဆုံးအကြိမ်အဖြစ် ငွေကျပ် ၁၀ သိန်း ထပ်မံပေးအပ်ရန် သဘောတူထားသည်။

## ကုမ္ပဏီများမှ စိုက်ပျိုးခြင်းမရှိသည့် လယ်မြေများကို ပြန်လည်ပေးအပ်ရန် တောင်းဆို

စစ်အစိုးရလက်ထက်တွင် ထိပ်တန်းကုမ္ပဏီများမှ သိမ်းယူ

# အရေးပါသည့်ဆက်စပ်သတင်းများဖတ်ရန် Links

## ဖမ်းဆီးခံရခြင်းများ

AA နှင့်ဆက်နွယ်မှုရှိသည်ဟုဆိုကာ မြေပုံမြို့နယ်မှ လူငယ်တစ်ဦးကို ဖမ်းဆီး၍ အမ်းမြို့မရဲစခန်းတွင် အပ်နှံထား
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ နရိဉ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ BNI /မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ DMG
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ နရိဉ္စရာ/မြန်မာ

တပ်မတော် စစ်ကြောင်းတစ်ခုမှ မီးဝကျေးရွာ အုပ်ချုပ်ရေးမှူး၏သားကို ဖမ်းဆီး ခေါ်ဆောင်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ နရိဉ္စရာ/မြန်မာ

ဗကသအဖွဲ့ဝင်ဟောင်း ကိုရဲရင့်ကျော်ကို ဖမ်းဆီး
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ The Voice/မြန်မာ

တပ်မတော်စစ်ကြောင်းတစ်ခုမှ ကျောက်တော်မြို့နယ်မှ ရွာသား ခြောက်ဦးကို လမ်းပြရန်အတွက် ဖမ်းဆီး၊ ခေါ်ဆောင်သွား
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်၊ နရိဉ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ DMG
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်၊ နရိဉ္စရာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်၊ နရိဉ္စရာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်၊ နရိဉ္စရာ/မြန်မာ

အမ်းမြို့နယ် လောင်းချောင်းကျေးရွာတွင် ရွာသား လေးဦး ဖမ်းဆီးခြင်းခံရ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ ဒီဗွီဘီ/မြန်မာ

သူရင်းငှား လူငယ် နှစ်ဦးကို စစ်ကြောင်းတစ်ခုမှ ဖမ်းဆီး ခေါ်ဆောင်

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်၊ နိရဉ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်၊ BNI

လယ်ကွင်းထဲ မိုင်းပေါက်ကွဲ၍ မင်းပြားမှ လယ်သမား သားအဖ နှစ်ဦး ဖမ်းဆီး ခေါ်ဆောင်ခြင်းခံရ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ နိရဉ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်၊ BNI

စစ်တပ်မှ ကျောက်ဖြူဒေသခံ ငါးဦးကို ဖမ်းဆီးခေါ်ဆောင်၊ နှစ်ဦးကို ပြန်လည် လွှတ်ပေး
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်၊ နိရဉ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်၊ နိရဉ္စရာ

မြောက်ဦး သပြေကန်ကျေးရွာမှ ရွာသား နှစ်ဦးကို ဖမ်းဆီး၊ ခေါ်ဆောင်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ နိရဉ္စရာ

## တရားစွဲဆိုခံရခြင်းများ

ဗိုလ်ကြီးဟောင်း ကိုနေမျိုးဇင်၊ ကဗျာဆရာ ကိုစောဝေနှင့် ရှေ့နေ ဦးကြီးမြင့်တို့ကို တရားစွဲဆိုထားမှုကို ကော့သောင်း မြို့နယ် တရားရုံးမှ လက်ခံ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ အီလဲဗင်း/မြန်မာ

ရွှေနဒီရေယာဉ်လိုင်း ပိုင်ရှင်နှင့် ဝန်ထမ်း ခြောက်ဦးကို အမှုဖွင့်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်၊ နိရဉ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ နိရဉ္စရာ/မြန်မာ

အိုးထိန်းဆရာတော်၊ အုပ်ချုပ်ရေးမှူးနှင့် အရပ်သား သုံးဦးတို့ကို ရဲတပ်ဖွဲ့ထံလွှဲပြောင်း၍ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ DMG
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ BNI
၂၀၁၉ နိုဝင်ဘာလ ၁၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်၊ နိရဉ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်၊ နိရဉ္စရာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ BNI

ကျောက်တော်ဒေသခံ လေးဦးကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်၊ နိရဉ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်၊ DMG

[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ BNI]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်၊ ဘီဘီစီ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်၊ နိုရဝ္ဍရာ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်၊ ဧရာဝတီ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်၊ နိုရဝ္ဍရာ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်၊ DMG/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ BNI/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ ဧရာဝတီ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်၊ BNI/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်၊ DMG/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်၊ နိုရဝ္ဍရာ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊ BNI]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊ BNI]

စစ်တပ်မှ ဖမ်းဆီးထားသူ ၁၀ ဦးကို အမ်းမြို့မရဲစခန်းသို့ လွှဲပြောင်း
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ ဘီဘီစီ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ နိုရဝ္ဍရာ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ DMG/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ BNI/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်၊ နိုရဝ္ဍရာ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်၊ အီလဲဗင်း]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ ဒီဗွီဘီ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ BNI]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်၊ BNI]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ နိုရဝ္ဍရာ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ BNI]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်၊ DMGမြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ ဒီဗွီဘီ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊ BNI]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊ BNI]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊ BNI]

အောင်သပြေကျေးရွာမှ ကိုးတန်းကျောင်းသား မောင်တူးဝေယံ နှိပ်စက်ခံနေရကြောင်း ရေးတင်ခဲ့သူကို အမှုဖွင့်
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်၊ Myanmar Now/မြန်မာ]

အလုပ်သမားများ၏ နစ်နာမှုအတွက် နစ်နာကြေးပေးချေရန် ဆန္ဒထုတ်ဖော်ခဲ့သူ ငါးဦးကို အမှုဖွင့်
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ မဇ္ဈိမ/မြန်မာ]

ဒုရဲမှူးတစ်ဦး ဖမ်းဆီးခံရမှုနှင့် ဆက်စပ်၍ ကျောက်တော်မှ ကားသမား တစ်ဦးကို အမှုဖွင့်
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊ နိုရဝ္ဍရာ/မြန်မာ]
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်၊ DMG/မြန်မာ]

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်၊ DMG

လှိုင်ကော်မှ တောင်သူ သုံးဦးကို နောက်တိုးအမှုများနှင့် ထပ်မံတရားစွဲ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

ခွင့်ပြုချက်မယူဘဲ ဆန္ဒထုတ်ဖော်ခဲ့ခြင်းအတွက် တက်ကြွလှုပ်ရှားသူ လေးဦး အမှုဖွင့်ခြင်းခံရ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ Myanmar Now/မြန်မာ

## တရားရင်ဆိုင်ရခြင်းများ

ဗိုလ်ချုပ်ထွန်းမြတ်နိုင်၏ ညီမ နှင့် ယောက်ဖဖြစ်သူတို့အား တရားစွဲဆိုထားမှုကို တရားရုံးမှ လက်ခံ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်၊ မဇ္ဈိမ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ မြန်မာနောင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်၊ မြန်မာနောင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်၊ အီလဲဗင်း/မြန်မာ

တပ်မတော်မှ တရားစွဲဆိုထားသည့် မြဝတီမင်းကြီးကျောင်းတိုက်ဆရာတော်ကို အာမခံပေး
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊ မြန်မာတိုင်းမ်/မြန်မာ

## ထောင်ဒဏ်ချမှတ်ခံရခြင်းများ

NSCN-K ခေါင်းဆောင်ဟောင်း ငါးဦးနှင့် အဖွဲ့ဝင် ခြောက်ဦးကို ထောင်ဒဏ် နှစ်နှစ်စီ ချမှတ်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်၊ မဇ္ဈိမ

ကရင်နီလူငယ် ခြောက်ဦးအား အလုပ်နှင့် ထောင်ဒဏ် ခြောက်လ ချမှတ်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ ဗီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ Myanmar Now

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်၊ ဒီဗွီဘီ/မြန်မာ

ဖွဲ့အငြိမ့်အဖွဲ့မှ လူရွှင်တော် ငါးဦးကို ဒဏ်ငွေ ချမှတ်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်၊ Myanmar Now/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်၊ Myanmar Now

ငြိမ်းချမ်းရေးအတွက် တစ်ကိုယ်တော်လမ်းလျှောက်ဆန္ဒထုတ်ဖော်ခဲ့သူ ထောင်ဒဏ် ၁၅ ရက် ချမှတ်ခြင်းခံရ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ ဒီဗွီဘီ/မြန်မာ

ဒေါင်းတို့မျိုးဆက် သံချပ်အဖွဲ့ဝင် ခြောက်ဦးကို အလုပ်နှင့်ထောင်ဒဏ် တစ်နှစ်စီ ချမှတ်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်၊ Myanmar Now/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်၊ လွတ်လပ်သော အာရှအသံ

ဌက်ပျောစိုက်ခင်းများကို ဖျက်ဆီးသည်ဟု ဆိုကာ တောင်သူ ခုနှစ်ဦးအား ထောင်ဒဏ် ခြောက်လ (သို့) ဒဏ်ငွေ ငါးသောင်းစီ ပြစ်ဒဏ် ချမှတ်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်၊ BNI/မြန်မာ

ရက္ခိုတပြက္ခဒိန် ထုတ်ဝေ၊ရောင်းချသူအပါအဝင် လေးဦးကို ထောင်ဒဏ် နှစ်နှစ်စီ ချမှတ်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်၊ BNI

အထက်တန်းရှေ့နေဟောင်း ဦးဇော်ဝင်းကို ထောင်နှစ်နှစ် ချမှတ်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်၊ The Voice/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ မြန်မာတိုင်းမ်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊ BNI

ဆေးခြောက်တရားဝင်ရရှိရေး ဆန္ဒပြမှုတွင် ဦးဆောင်သူ နှစ်ဦး ဒဏ်ငွေချမှတ်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ The Voice/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ အီလဲဗင်း
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်၊ မြန်မာတိုင်းမ်

## ထောင်တွင်းအခြေအနေများ

အကျဉ်းထောင်များ၌ လူအခွင့်အရေးချိုးဖောက်မှုများရှိနေဆဲဟု လူ့အခွင့်အရေး ကော်မရှင်ပြောကြား

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ မြန်မာတိုင်းမ်/မြန်မာ

## ထောင်မှ လွတ်မြောက်မှုများ

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်ခြင်းခံထားရသည့် မြေစာရင်းဝန်ထမ်းကို စွဲချက်မတင်နိုင်၍ ပြန်လွှတ်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ DMG
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ BNI/မြန်မာ

(ရန်ကုန်)ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌ ကိုဝေယံဖြိုးမိုး ပြစ်ဒဏ်ချမှတ်သည့်နေ့တွင် ပြန်လည် လွတ်မြောက်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ မြန်မာနောင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်၊ ဒီဗွီဘီ/မြန်မာ

## နိုင်ငံရေးနှင့်နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ်တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

ရက္ခိုင့်တပ်မတော်မှ ကျောင်းဆရာ တစ်ဦးနှင့် အုပ်ချုပ်ရေးမှူး နှစ်ဦးကို ဖမ်းဆီး
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ ဒီဗွီဘီ/မြန်မာ

စစ်ကြောင်းတစ်ခု၏ ဖမ်းဆီး စစ်ဆေးခြင်းကို ခံခဲ့ရသည့် ရခိုင်နှင့် ချင်းလူငယ် တစ်ဦးတို့ ဆေးကုသမှု ခံယူနေရ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ နရဥ္စရာ/မြန်မာ

ရသေ့တောင်တွင် တပ်မတော်၏ ဖမ်းဆီးမှုမှ ထွက်ပြေးခဲ့သည့် ရွာသား နှစ်ဦး ပုန်းရှောင်နေရ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ DMG
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်၊ ဘီဘီစီ/မြန်မာ

TNLA မှ ဖမ်းဆီးသွားသူ သေဆုံး၊ အလောင်းကို ငွေကျပ် ခုနစ်သိန်းဖြင့် ပြန်ရွေးခဲ့ရ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၂ ရက်၊ ဒီဗွီဘီ/မြန်မာ

ကျောက်မဲမြို့နယ်တွင် နွားတင်ကား တစ်စီး ပစ်ခတ်ခြင်းခံခဲ့ရ၍ တစ်ဦးသေ၊ နှစ်ဦး ဒဏ်ရာရ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်၊ ဗီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်၊ ၇ ရက် နေ့စဉ်သတင်းစာ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ BNI/မြန်မာ

ရက္ခိုင့်တပ်မတော်(AA)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကို ဖမ်းဆီး
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်၊ ဗီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်၊ ဗီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်၊ မြန်မာနောင်း/မြန်မာ

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ ဗီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ ဒီဗီဘီမြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ BNI
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ ဗီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ ဗီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်၊ နိရဥ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ မြန်မာတိုင်းမ်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ မြန်မာ့အသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်၊ BNI
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်၊ BNI
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်၊ မြန်မာတိုင်းမ်

ကျေးရွာအတွင်း လက်နက်ကြီးကျရောက်ပေါက်ကွဲ၍ ဇနီးမောင်နှံ နှစ်ဦး ဒဏ်ရာရ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ VOA/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ DMG

ကျောက်မဲမြို့ မိုင်းတင်း ရပ်ကျေး ဥက္ကဌ နှင့် အမျိုးသား နှစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခြင်းခံရ၍ သေဆုံး
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ BNI/မြန်မာ

ကျောက်ဖြူမြို့နယ်တွင် အမျိုးသားတစ်ဦးကို အမည်မသိလူတစ်စုမှ ဝိုင်းဝန်းရိုက်နှက်ကာ ဖမ်းဆီးခေါ်ဆောင်သွား
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ DMG

ကျောက်မဲတွင် ကျေးရွာ ဥက္ကဌ သုံးဦးကို ပစ်သတ်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ ဧရာဝတီ

ရွှေနဒီအမြန်ရေယာဉ်ပေါ်မှ ဖမ်းဆီးခဲ့သည့် အရပ်သား ၂၅ ဦးကို AA ပြန်လွှတ်ပေး
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ ဗီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ မဇ္ဈိမ/မြန်မာ

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ မြန်မာတိုင်းမ်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်၊ နိုရဝေးဂျီယာ/မြန်မာ

ဘူးသီးတောင်မြို့နယ်၌ တိုက်ပွဲဖြစ်ပွား၍ ရွာသား တစ် ဦးသေဆုံး၊ သုံးဦး ကျည်ဆန်ထိမှန် ဒဏ်ရာရ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ လွတ်လပ်သော အာရှအသံ

ကွတ်ခိုင်မြို့နယ်တွင် အရပ်သား တစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခြင်းခံရ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ BNI/မြန်မာ

ဒေါ်အောင်ဆန်းစုကြည်ခရီးစဉ်၌ ဆန္ဒထုတ်ဖော်သူငါးဦးကို ခေတ္တထိန်းသိမ်းပြီး ပြန်လွှတ်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ မြန်မာတိုင်းမ်

သရက်ပြင်ရွာအနီးတိုက်ပွဲဖြစ်ပွားသဖြင့် လူငယ် တစ်ဦးကျည်ထိမှန်၊ ရွာသားများထွက်ပြေး
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ လွတ်လပ်သော အာရှအသံ

မန်းမော်ကျေးရွာသား လေးဦး မိုင်းထိမှန် ဒဏ်ရာရ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်၊ ဧရာဝတီ/မြန်မာ

အလောင်းသယ် နာရေးကားပေါ်တွင် လိုက်ပါလာသူများ ရိုက်နှက် ထုထောင်းခြင်းခံရ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ နိုရဝေးဂျီယာ/မြန်မာ

ကွတ်ခိုင်မြို့နယ်အတွင်း တိုက်ပွဲကြောင့် အရပ်သား လေးဦး ထိခိုက်ဒဏ်ရာရ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်၊ ရှမ်းသတင်းစဉ်/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်၊ မြန်မာတိုင်းမ်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်၊ အီလဲဗင်း

ဖမ်းဆီးခံ မီးသတ်တပ်ဖွဲ့ဝင် ၁၉ ဦးမှ တစ်ဦး သေဆုံး၊ ကျန် ၁၈ ဦးကို AA ပြန်လွှတ်ပေး
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ မြန်မာတိုင်းမ်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ ဗီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်၊ ဗီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်၊ ဧရာဝတီ

၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ နိရဉ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ နိရဉ္စရာ/မြန်မာ

မြေပုံမြို့နယ်တွင် ငါးရောင်းပြီး ပြန်လာသည့် ဇနီးမောင်နှံနှစ်ဦး ပစ်ခတ်ခြင်းခံခဲ့ရ၍ ဇနီးဖြစ်သူ သေဆုံး
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ BNI
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ BNI

ရပ်စောက်မြို့နယ်တွင် ဒေသခံအမျိုးသမီးတစ်ဦး ပစ်ခတ်ခြင်းခံရ၍ သေဆုံး
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ ရှမ်းသတင်းစဉ်/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ ရှမ်းသတင်းစဉ်

ကျုံဒိုးမြို့ ဖုံးပေါက်ကွဲမှု အရပ်သား တစ်ဦးအပါအဝင် လေးဦးသေဆုံး၍ ကိုးဦးခန့် ဒဏ်ရာရ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ မြန်မာတိုင်းမ်/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ KIC/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ မြန်မာတိုင်းမ်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ BNI

ပျောက်ဆုံးနေသည့် ထီးစွဲရွာဆော်နှင့် ကျောင်းကပ္ပိယတို့၏ အသုံးအဆောင်ပစ္စည်းများနှင့် ခန္ဓာကိုယ် အစိတ်အပိုင်းများကို မီးရှို့ထားသည့် ပြာပုံအတွင်းမှ တွေ့ရှိ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ နိရဉ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်၊ BNI

လားရှိုးမြို့တွင် ရှော့ခ်တိုက်ဒုံးကျရောက်၍ တစ်ဦး ဒဏ်ရာရ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ The Voice/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်၊ မြန်မာတိုင်းမ်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်၊ ဧရာဝတီ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်၊ အီလဲဗင်း

မင်းပြားမြို့နယ်မှ အဘွားအိုတစ်ဦး ဦးခေါင်းတွင် ကျည်ဆံထိမှန် ဒဏ်ရာရ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်၊ နိရဉ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်၊ လွတ်လပ်သော အာရှအသံ

မြောက်ဦးတွင် အမျိုးသမီးတစ်ဦး လက်နက်ကြီးကျည် ထိမှန် ဒဏ်ရာရ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်၊ DMG
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ BNI/မြန်မာ

တပ်မတော်မှ ဖမ်းဆီးခဲ့သည့် သာစည်ကုန်းကျေးရွာသား ၁၂ ဦး ပြန်လည် လွတ်မြောက်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ နိရဉ္စရာ/မြန်မာ

[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ DMG](#)
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ DMG/မြန်မာ](#)
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ DMG](#)

ကျောက်မဲမြို့နယ်အတွင်း အမျိုးသားတစ်ဦး မိုင်းနင်းမိ
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်၊ ရှမ်းသတင်းစဉ်/မြန်မာ](#)

တပ်မတော်မှ ဖမ်းဆီးခဲ့သည့် နမ့်ဆန်ရွာသား ၆၃ ဦးကို ပြန်လွှတ်ပေး
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ ဘီဘီစီ/မြန်မာ](#)
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ ဧရာဝတီ/မြန်မာ](#)
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်၊ BNI/မြန်မာ](#)
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်၊ BNI](#)
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်၊ BNI/မြန်မာ](#)

ရသေ့တောင်မြို့နယ်တွင် လက်နက်ကြီးကျည်စ ထိမှန်၍ ရွာသား တစ်ဦး သေဆုံး၊ တစ်ဦး ဒဏ်ရာရ
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ ဧရာဝတီ](#)
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊ BNI](#)
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊ BNI](#)

ပုဏ္ဏားကျွန်းမြို့နယ်တွင် တပ်မှပစ်ခတ်၍ အရပ်သားနှစ်ဦး ဒဏ်ရာရ
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ](#)
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊ VOA/မြန်မာ](#)
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊ DMG/မြန်မာ](#)
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်၊ BNI](#)

တံတားလုံခြုံရေး တပ်မတော်သားများမှ သိန္နီဒေသခံ လယ်သမားတစ်ဦးကို ဝိုင်းဝန်းရိုက်နှက်
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ မဇ္ဈိမ/မြန်မာ](#)
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်၊ BNI](#)

ကျောက်တော်မြို့နယ်မှ ရွာသား နှစ်ဦး အမြောက်ကျည်ထိမှန်၍ ဒဏ်ရာ အပြင်းအထန်ရ
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ နိရဉ္စရာ/မြန်မာ](#)
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်၊ နိရဉ္စရာ/မြန်မာ](#)
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ BNI](#)

ပလပ်ဝမြို့နယ်တွင် ရွာသား တစ်ဦး မြေမြှပ်မိုင်းနင်းမိ၍ သေဆုံး
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်၊ The Voice/မြန်မာ](#)
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ BNI](#)

မြောက်ဦးတွင် နွားလွှတ်ရန်သွားသည့် ရွာသားတစ်ဦး ကျည်ထိမှန်ပြီးနောက် သေဆုံး
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ DMG/မြန်မာ](#)
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ နိရဉ္စရာ/မြန်မာ](#)
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်၊ နိရဉ္စရာ/မြန်မာ](#)
[၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်၊ BNI](#)

သီပေါတွင် ဂျာမနီနိုင်ငံသား တစ်ဦး မိုင်းနင်းမိ၍ သေဆုံး
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ မြန်မာတိုင်းမ်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ ဧရာဝတီ

ပလက်ဝမြို့နယ် တုံးမဝကျေးရွာအတွင်းသို့ လက်နက်ကြီးကျည် ကျရောက် ပေါက်ကွဲခဲ့၍ ရွာသား သုံးဦးဒဏ်ရာရရှိ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ BNI
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်၊ BNI/မြန်မာ

ပလက်ဝ ဒေသခံတစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခြင်းခံရ၍ ဒဏ်ရာ အပြင်းအထန်ရ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်၊ နရဉ္စရာ/မြန်မာ

ကျောက်တော်တွင် တိုက်ပွဲကြောင့် ရွာသား တစ်ဦး လက်နက်ကြီး ကျည်စ ထိမှန် ဒဏ်ရာရ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်၊ နရဉ္စရာ/မြန်မာ

နမ္မတူမြို့နယ်တွင် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲခဲ့၍ အမျိုးသမီးတစ်ဦး သေဆုံး
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်၊ BNI/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်၊ ရှမ်းသတင်းစဉ်/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ ဘီဘီစီ/မြန်မာ

ရသေ့တောင်တွင် လက်နက်ကြီးကျည်ပေါက်ကွဲမှုကြောင့် လူငယ်တစ်ဦးသေဆုံး
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ DMG/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ နရဉ္စရာ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ နရဉ္စရာ

## လယ်ယာမြေပြဿနာများ

မြေသိမ်းဆည်းခြင်းခံခဲ့ရသည့်အတွက် လျော်ကြေးပေးအပ်ရန် သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်၊ The Voice/မြန်မာ

တာချီလိတ်မြို့နယ်တွင် သိမ်းဆည်းခြင်းခံထားရသည့် လယ်ယာမြေများ ပြန်လည် ပေးအပ်ရန် တောင်းဆို
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ BNI/မြန်မာ

ယန်စီကုမ္ပဏီမှ ခြံစည်းရိုးခတ်ရာတွင် ကျေးရွာ၏ စားကျက်မြေနှင့် ပလပ်မြေများ ပါဝင်နေ၍ ဒေသခံများ တားမြစ်
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

ကုမ္ပဏီများမှ စိုက်ပျိုးခြင်းမရှိသည့် လယ်မြေများကို ပြန်လည်ပေးအပ်ရန် တောင်းဆို
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ မြန်မာနောင်း/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်၊ မဇ္ဈိမ

ဆက်သွယ်မေးမြန်းရန်

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း

| | |
|---|---|
| တိတ်နိုင် အတွင်းရေးမှူး | +၉၅(၀) ၉၄၂ ၈၀၂ ၃၈၂၈ |
| ဘိုကြည်  တွဲဘက်အတွင်းရေးမှူး | +၉၅(၀) ၉၄၂ ၅၀၃ ၈၈၄၀ |
| အောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ | +၉၅(၀) ၉၄၂ ၈၈၁ ၇၃၄၈ |